


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# အလုပ်လုပ်သူများအတွက် ဒကာစိန်၊မှတ်တိုင်

၁၁၉

( ၁၂ ၊ ၁၁ ၊ ၅၆ )

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# အလုပ် လုပ်သူများအတွက်

## ဒကာစိန်၊ မှတ်တိုင်

(၁၂-၁၁-၅၆)

ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ကိုယ့်ကိုယ်ကို စစ်ဆေးနိုင်တဲ့အခြေအနေရောက်အောင် ယနေ့ပြောမယ် (ကောင်းလှပါဘုရား) ကိုယ့် ကိုယ်ကိုစစ်ဆေးနိုင်တဲ့ အခြေအနေရောက်အောင် ယနေ့ ပြောမယ် . . . (မှန်ပါ)။

ကိုယ့်ကိုယ်ကို စစ်ဆေးနိုင်တယ် ဆိုတာကတော့ အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်ကတော့ စစ်ဆေးလို့ရတာပေါ့ ဒကာစိန် . . . (မှန်လှပါဘုရား)။

ဟာ အလုပ်မလုပ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ဘာမှမရှိပဲနဲ့ ဘယ်လိုလုပ်ပြီး အမှား အမှန် စစ်ဆေးမလဲ ( မစစ်ဆေးနိုင်ပါဘူး ဘုရား)။

အဲ့ဒါကြောင့် ဒကာစိန်တို့အတွက် (မှန်လှပါ) အားလုံး ဒကာ ဒကာမတွေအတွက် (မှန်ပါ့) စစ်ဆေးတဲ့နည်းကို ပြောရလိမ့်မယ်။ (ကောင်းလှပါတယ်ဘုရား)။ စစ်ဆေးတဲ့နည်းကို ပြောရလိမ့်မယ် . . (တင်ပါ့)။

အဲတော့ ဒကာ ဒကာမတို့ ဝိပဿနာ ရှုနေတာလည်း သမ္မာဒိဋ္ဌိလို့ ခေါ်တာပဲ (တင်ပါ့)။ သမ္မာက မှန်တာ ဒိဋ္ဌိက မြင်တာပဲ . . . (တင်ပါ့ဘုရား)။ အင် - ဝိပဿနာ သမ္မာဒိဋ္ဌိက အမြင်မှန်တစ်မျိုး၊ (တင်ပါ့) ဟုတ်လား . . . (တင်ပါ့)။

မဂ္ဂသမ္မာဒိဋ္ဌိဆိုတာ မဂ္ဂက = ခရီး (တင်ပါ့) သမ္မာဒိဋ္ဌိက = မြင်တာ . . . (တင်ပါ့ဘုရား) ဟုတ်လား (တင်ပါ့)၊ အမှန်မြင်တာ ခရီးလမ်းမှန်ကို အမှန်မြင်တာ (တင်ပါ့)။

အဲ့ မြင်ပုံခြင်း တစ်မျိုးစီပါလားလို့ ဒကာ ဒကာမတွေ မှတ်ရလိမ့်မယ် . . . (မှန်လှပါဘုရား) မြင်ပုံခြင်း နှစ်မျိုး (တင်ပါ့)

ကြည့်တဲ့အနက်က ထူးခြားတဲ့အဓိပ္ပါယ်ပေါ်လာလိမ့်မယ် (တင်ပါ့) အဲ့တော့ ဒကာ ဒကာမတွေ ဘုန်းကြီးကသင်ထားတယ် . . . (မှန်ပါ့)။

## ဝေဒနာပျောက်ပြီး ဖြစ်ပျက်ရောက်အောင်ရှု

ဝေဒနာပေါ်လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဝေဒနာပျောက်ပြီး ဖြစ်ပျက်ရောက်အောင် ရှုပါလို့ အားလုံး ဒကာဒကာမတွေ သင်ထားတယ် . . . (မှန်ပါ့ဘုရား)။

ဝေဒနာဆိုတာ ဒကာ ဒကာမတို့ မရှိပါဘူး . . . (တင်ပါ့)၊ ဝေဒနာမရှိပါဘူး ဒကာ ဒကာမတွေရဲ့ အပျက်သာ ရှိပါတယ် . . . (မှန်ပါ့)။

အဲ့တော့ ရှုတဲ့ပုဂ္ဂိုလ်မှာ အပျက်မြင်ရတယ်ဆိုတာက ဧကန်ပဲ (တင်ပါ့) ရှုတဲ့ပုဂ္ဂိုလ်မှာဖြင့် ဒကာစိန် အပျက်မြင်ရမှာပဲ (မြင်ရမှာပါဘုရား)။

အဘယ်ကြောင့်ဆိုသော် ဝေဒနာပျက်ပြီးမှ ဘုန်းကြီးတို့ ရှုတဲ့ဉာဏ်က ပေါ်နိုင်တယ် . . . (မှန်လှပါဘုရား)၊ ဝေဒနာပျက်ပြီးမှ ရှုတဲ့ဉာဏ်က ပေါ်နိုင်တော့ ဒီ ဒကာဒကာမတွေနဲ့ အပျက်ပဲတွေ့တယ်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အပျက်ဟာ အနိစ္စပဲ . . . (တင်ပါ့) ဒါကြောင့် ဝိပဿနာဉာဏ်သည် ဝိပဿနာ သမ္မာဒိဋ္ဌိသည် ဉာဏ်လို့လည်း ခေါ်ချင်ခေါ် သမ္မာဒိဋ္ဌိလို့လည်းခေါ်ချင်ခေါ် . . . (တင်ပါ့)။

## ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ

ကဲ-ဒီနေ့တော့ဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိပဲ ဥပရိ ပဏ္ဏာသ လာတဲ့အတိုင်း ပြောကြပါစို့ (မှန်လှပါဘုရား)။

အဲ့ဒီ ဝိပဿနာ သမ္မာဒိဋ္ဌိကလည်း ဒကာ ဒကာမတို့ ဖြစ်သွားသော တရားလေး၏ အပျက်ကိုသာမြင်တယ်လို့ မှတ်ကြစမ်းပါ . . . (တင်ပါ့) ဝိပဿနာသမ္မာဒိဋ္ဌိကတော့ ဒကာ ဒကာမတို့ဖြစ်သော တရား၏အပျက်ကို မြင်တယ်လို့ မှတ်လိုက်စမ်းပါ (တင်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါ တယ်ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိ ရှုနေတဲ့ ဒကာ ဒကာမတွေ တပည့်တော်တို့ဖြင့် ဘုရား အပျက်ချည့် မြင်နေတာပဲ ဖြစ်ပြီး ပျက်တာတွေပဲ မြင်နေတယ်။ အေး ဟန်ရပဟော့ . . . အဲ့ဒါ ဝိပဿနာ သမ္မာဒိဋ္ဌိခေါ်တယ် . . . (တင်ပါ့ဘုရား)။ ရှင်းပ လား . . . (ရှင်းပါပြီဘုရား)။

## ဝိပဿနာသမ္မာဒိဋ္ဌိက အပျက်လွှတ်လို့မရဘူး

ဒါကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိကဖြင့် ဒကာ ဒကာမ တို့ အပျက်ကိုလွှတ်လို့မရဘူး . . . (တင်ပါ့ဘုရား) ဝိပဿနာ သမ္မာဒိဋ္ဌိက ဒကာစိန် သူသည်ရှုနေတဲ့ ပုဂ္ဂိုလ်မှာ အပျက် လွှတ်လို့ မရဘူး . . . (မရပါဘူးဘုရား)။

ဒါအသေအချာမှတ်ပါ. (မှန်ပါ့)၊ ဝိပဿနာသမ္မာဒိဋ္ဌိ ကတော့ခန္ဓာကိုယ် ကြည့်လိုက်တယ်ဆိုရင်ဖြင့် အပျက်ပဲမြင် နေတာပဲ . . . (တင်ပါ့)။

ဟိုကပျက်လိုက် ဒီကပျက်လိုက် . . (မှန်ပါ့)၊ ဝေဒနာ တွေကပျက်လိုက် ရုပ်တွေကပျက်လိုက်၊ အင်း. . . တစ်ကိုယ် လုံးဖြင့် အနိစ္စချည့်ပဲလို့မြင်လာတယ် . . . (မှန်ပါ့)၊ သဘော ကျလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိ သည် ဒကာဒကာမတို့ သေသေချာချာသာ မှတ်ကြပါတော့၊ အပျက်ကိုမြင်တာပဲ. . (တင်ပါ့ဘုရား)၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

အပျက်ကိုမြင်တယ်. . . (တင်ပါ့)၊ ဒီအဖြစ်ဟာ အနိစ္စလည်းဟုတ်တာပဲ. . . (မှန်လှပါ)၊ ဝိပရိနာမဒုက္ခ ကော. . . (ဟုတ်ပါတယ်ဘုရား)။

ဘယ်သူမှ မပိုင်မဆိုင်တဲ့ အနတ္တကော. . . (ဟုတ်ပါ တယ်ဘုရား)။

အဲ- ဒါဖြင့် သူ့ လက္ခဏာရေးသုံးပါး တစ်ပါးပါး ပိုင်ပိုင်နိုင်နိုင်မြင်တာ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ. . (တင်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိက ဒကာဒကာမတို့ လက္ခဏာ ရေးသုံးပါးကို ပိုင်ပိုင်နိုင်နိုင် စုံစမ်းဆင်ခြင်ပြီး မြင်တာသည် ဘာခေါ်ကြမယ်. . . (ဝိပဿနာသမ္မာဒိဋ္ဌိပါဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိ ဒကာစိန်. . . (တင်ပ့ါ)၊ ကိုယ်လုပ်ရမှာဖြစ်လို့ ကိုယ်ချိန်ဆရမှာဖြစ်နေလို့. . . (တင်ပ့ါ)၊ ဒါသေသေချာချာ မှတ်ရမဲ့အသွား. . . (မှန်လှပါဘုရား)။

အသေအချာမှတ်ရမဲ့အသွား. . . (မှန်ပ့ါ)၊ ကိုင်း-ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိအကြောင်း မဂ္ဂသမ္မာဒိဋ္ဌိအစလို့ပဏ္ဏာသကလာတယ်. . . (တင်ပ့ါ)။

**'ဝိပဿနာသမ္မာဒိဋ္ဌိ တေဘူမကသင်္ခါရေ အနိစ္စာဘိဝသေန ပရိဝီမံသတိ။'**

ဝိပဿနာသမ္မာဒိဋ္ဌိ=ဝိပဿနာသမ္မာဒိဋ္ဌိ **တေဘူမကသင်္ခါရေ** ခင်ဗျားတို့ သန္တာန်၌ရှိတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတွေကို . . . (တင်ပ့ါ)၊ **အနိစ္စာဘိဝသေန** အနိစ္စ၊ ဒုက္ခ၊ အနတ္တအစအားဖြင့် **ပရိဝီမံသတိ** - စူးစမ်းဆင်ခြင်၍ မြင်၏. . . (မှန်ပ့ါ)။

အသေအချာမြင်တာပဲ. . . (တင်ပ့ါဘုရား)၊ ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိက=အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတွေမြင်တယ်ပေ့ါဗျာ. . . (မြင်ပါတယ်ဘုရား)။ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲ့တော့ ဩော်-တို့ ဒါတွေမြင်နေလို့ရှိရင်ဖြင့် ဒကာဒကာမတွေက မှတ်စရာက အင်း- သေချာပဟော့ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ပြီ. . . (မှန်ပ့ါ)။

ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ပြီး ဝိပဿနာသမ္မာဒိဋ္ဌိ ဆိုလို့ ရှိရင်ဖြင့် မဂ္ဂသမ္မာဒိဋ္ဌိဆိုတာ ဒုတိယအဆင့်ကျရင် ကိစ္စပြီး တာပဲ. . . (မှန်ပါ့)။

ဒကာစိန်ရေ. . . (မှန်လှပါဘုရား)၊ ဝိပဿနာသမ္မာ ဒိဋ္ဌိ ပြီးတော့ကို မဂ္ဂသမ္မာဒိဋ္ဌိ တက်လိုက်ရတယ်. . . (တင်ပါ့ ဘုရား)၊ တစ်ခါတည်းကိစ္စပြီးသွားတယ်. . . (တင်ပါ့ဘုရား)၊ ရှင်းကြလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိက· အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတွေကို တစ်ခုခုပေါ့ဗျာ. . . (မှန်ပါ့)၊ အဲ့ဒါကို **ပရိဝီမံသတိ** ဆိုသောကြောင့် သေသေချာချာ စုံစမ်းစစ်ဆေး ပြီး မြင်နေတဲ့ဉာဏ်လေးဟာ ဝိပဿနာသမ္မာဒိဋ္ဌိလို့ မှတ်လိုက်ကြစမ်းပါ. . . (မှန်လှပါဘုရား)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိနော်. . . (မှန်ပါ့)၊ မင်းတို့ ကိုယ် ကိုယ်တိုင်ဘယ်ရောက်လို့ ဘယ်ပေါက်နေတယ်ဆိုတာ မသိသေးပဲနေမှာစိုးလို့. . . (မှန်လှပါ)၊ ဆုံးဖြတ်ချက်ချပေးနေ တယ်. . . (မှန်ပါဘုရား)။

## အပျက်မြင်လည်း ဝိပဿနာသမ္မာဒိဋ္ဌိ

ကောင်းပြီ၊ ဒါဖြင့်ဗျာ တပည့်တော်တို့ ဝိပဿနာ

သမ္မာဒိဋ္ဌိနဲ့ ရှုကြည့်ပွားများနေတဲ့အခါကျတော့ အနိစ္စလက္ခဏာတွေမြင်ပြီးသကာလ တပည့်တော်တို့နေတယ်လို့ ဆိုလို့ရှိရင်ဖြင့်. . . (တင်ပါ့)၊ ဒကာဒကာမတို့ အကုန်သာမှတ်လိုက်တော့၊ အပျက်မြင်လည်း ဝိပဿနာသမ္မာဒိဋ္ဌိ. . . (တင်ပါ့ဘုရား)။

အပျက်တွေမြင်လို့ ကြောက်နေလည်း. . (ဝိပဿနာသမ္မာဒိဋ္ဌိပါ)၊ ငြီးငွေ့နေလည်း. . . (ဝိပဿနာသမ္မာဒိဋ္ဌိပါ)။

အဲ- ဝိပဿနာသမ္မာဒိဋ္ဌိ. . . (တင်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အပျက်တွေကလည်း ပျက်ချင်သလိုပျက်လိုက်စမ်းကွာ ဆိုပြီး ဉာဏ်နဲ့ကြည့်နေရင်လည်း. . . (တင်ပါ့)၊ (ဝိပဿနာသမ္မာဒိဋ္ဌိပါဘုရား)၊ ဝိပဿနာသမ္မာဒိဋ္ဌိရှိသေးတယ် ဒကာဒကာမတို့. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်- ဒီနေ့ဟောရမဲ့တရားက နှစ်လုံးထဲနဲ့ ဒကာဒကာမပေွ ဉာဏ်ထူးပုံကို ဟောရတော့မယ်. . . (မှန်လှပါဘုရား)။

နှစ်လုံးထဲနဲ့ ဉာဏ်ထူးပုံကို ဟောရလိမ့်မယ် ဒကာဒကာမတို့. . . (မှန်လှပါဘုရား)။

ကိုင်း- ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိကဖြင့် ဒကာ ဒကာမတွေ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ. . . (တင်ပါ)၊ အနတ္တလက္ခဏာတွေချည့်မြင်နေတာ ဘာဒိဋ္ဌိဆိုကြမယ်. . . (ဝိပဿနာသမ္မာဒိဋ္ဌိပါဘုရား)။

ကိုင်း- ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိကိုပြောလာတာ ဖြင့် ဒကာစိန်ရေ ကျေနပ်လောက်ပြီ. . . (မှန်လှပါဘုရား)၊ နော်. . . (တင်ပါ)။

ဒီလိုဆိုလို့ရှိရင် ကိုယ့်ဉာဏ်ထဲမှာကို အားထုတ်တဲ့ ပုဂ္ဂိုလ်မြင်တိုင်း မြင်တိုင်း အင်း- ဒါ ဝိပဿနာသမ္မာဒိဋ္ဌိတော့ ဖြစ်ပဟ နော်. . . (မှန်ပါ့)၊ တို့ တစ်ဆင့်တက်ရုံ ကျန်တော့ တယ်ဟ. . . (တင်ပါ့ဘုရား)။

တစ်ဆင့်တက်ရမှာက ဘာတဲ့. . . (မဂ္ဂသမ္မာဒိဋ္ဌိပါ ဘုရား)၊ မဂ္ဂသမ္မာဒိဋ္ဌိ တကယ့် မဂ်စစ် သမ္မာဒိဋ္ဌိ. . . (မှန်ပါ့)၊ အင်- ဒီဟာက နှစ်ဆင့်ထဲနဲ့ သွားတဲ့နည်း. . . (မှန်လှပါ ဘုရား)။

## မဂ္ဂသမ္မာဒိဋ္ဌိဆိုတာ

နှစ်ဆင့်ထဲနဲ့သွားရတဲ့နည်း. . . (မှန်ပါ့)၊ ကိုင်း- မဂ္ဂ သမ္မာဒိဋ္ဌိ ဒကာဒကာမတို့ သူကတော့ ပြောတော့မယ်. . . (တင်ပါ့)၊ သူ့ကို ပြောတော့မယ် ဒကာ ဒကာမတို့ ဂရုစိုက် နားထောင်ပါ. . . (မှန်ပါဘုရား)။

မဂ္ဂသမ္မာဒိဋ္ဌိ **ပရိဝီမာသနပရိယောသာနေ** (တင်ပ့ါ)၊ ခုနက အနိစ္စ ဒုက္ခ လက္ခဏာတို့ကို အမြင်ဆုံး၊ ဆုံးသွားအောင် (တင်ပ့ါ)၊ မဂ္ဂသမ္မာဒိဋ္ဌိက မြင်ကိုမမြင်ဘူးတဲ့. . . တင်ပ့ါဘုရား)။

အနိစ္စလက္ခဏာလည်း သူမမြင်ဘူးတဲ့. . . (မှန်ပ့ါ)၊ ဒကာဒကာမတို့ ဒုက္ခလက္ခဏာရော သူမမြင်၊ အနတ္တလက္ခဏာရော သူမြင်ကိုမမြင်ဘူးတဲ့. . . (တင်ပ့ါ)။

မဂ္ဂသမ္မာဒိဋ္ဌိက မမြင်ဘူးတဲ့ ဒကာစိန်ရေ. . . (မှန်လှပါဘုရား)၊ မမြင်ဘူးတဲ့. . . (တင်ပ့ါ)၊ မဂ္ဂသမ္မာဒိဋ္ဌိ **ပရိဝီမာသန ပရိယောသာနေ** (တင်ပ့ါ)။

**ပရိဝီမာသန ပရိယောသာနေ** တစ်ခါတည်း ဒီအဆုံး အနိစ္စ၏မမြင်ပဲနဲ့ အနိစ္စရှာမတွေ့. . . (တင်ပ့ါ)၊ ဒုက္ခလည်း ရှာမတွေ့. . . (မှန်ပ့ါ)၊ အနတ္တလည်း. . . (ရှာမတွေ့ပါဘုရား)၊ ရှာကိုးမတွေ့ဘူး၊ မဂ္ဂသမ္မာဒိဋ္ဌိက . . . (တင်ပ့ါ)။

ဘာမြင်သလဲဆိုရင်ဖြင့်တဲ့ တေဘူမ္မက ဝဋ်ဒုက္ခကြီးအင်း ဖြစ်ပျက်ဝဋ်ဒုက္ခကြီးပေ့ါဗျာ. . . (မှန်လှပါ)၊ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် ဆိုတဲ့ ဝဋ်ဒုက္ခကြီး. . . (တင်ပ့ါ)၊ ဟုတ်လား. . . (တင်ပ့ါ)။

တေဘူမ္မက ဝဋ်ဒုက္ခကြီးကို တစ်ခါထဲခွာပစ်လိုက်တယ်. . . တေဘူမ္မက ဝဋ်ဒုက္ခကြီးဆိုတာ ဒကာဒကာမတွေ အသေအချာမှတ်စမ်း. . . (တင်ပ့ါ)။

ခဏာ ခဏာ ပျက်၊ ခဏာ ခဏာ ပျက်၊ ခဏာ ခဏာ ရွံ့စရာ မုန်းစရာကြီး ပေါ်နေတာကို သူ ခွာပစ်လိုက်ပြီ. . . (တင်ပဲ့ါဘုရား)။

မင်္ဂက ခွာပစ်လိုက်တယ်. . . (မှန်လှပါဘုရား)၊ ဒါတွေ သူ့အာရုံမဟုတ်ဘူး. . . (တင်ပဲ့ါ)၊ ဒါတွေ သူမြင်စရာ မဟုတ်ဘူး. . . (တင်ပဲ့ါဘုရား)၊ ဟုတ်လား. . . (တင်ပဲ့ါ)။

အဲ့ဒါတွေ သူခွာပစ်လိုက်တယ်ဆိုကတည်းကိုက ဒကာဒကာမတွေက ဩော်- သူက အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ တေဘူမွက ဒုက္ခဆိုတာကြီးကို သူမမြင်ပါလားလို့ မှတ်လိုက်ပါ. . . (တင်ပဲ့ါဘုရား)။

## လက္ခဏာရေးသုံးပါး ရှာဖွေမရတော့ဘူး

မင်္ဂသမ္မာဒိဋ္ဌိဝင်လာရင် ဒီ လက္ခဏာရေးသုံးပါးကို ဘယ်ဟာမှာ စမ်းစမ်းရှာဖွေလို့ မရတော့ဘူး. . . (တင်ပဲ့ါ ဘုရား)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

အင်း- ခွာပစ်လိုက်ပြီ. . . (မှန်ပဲ့ါ)၊ ဒီဖြစ်ပျက်ကြီးကို မမြင်ဘူးတဲ့ ဒကာဒကာမတို့. . . (မှန်ပဲ့ါဘုရား)၊ အနိစ္စလည်း မမြင်၊ ဒုက္ခလည်း. . . (မမြင်ပါဘူးဘုရား)၊ အနတ္တလည်း မမြင်. ... (မမြင်ပါဘူးဘုရား)။

ဘယ်သူက မမြင်တာတုံး. . . (မင်္ဂသမ္မာဒိဋ္ဌိက မမြင်

တာဘုရား)၊ မင်္ဂသမ္မာဒိဋ္ဌိက မမြင်ဘူးတဲ့. . . (တင်ပါ့)၊ မမြင်တဲ့အပြင် ဘယ်လိုများဖြစ်လာသေးသတုံးလို့ မေးဖို့လို လာတယ်. . . (မှန်ပါ့)။

မမြင်တဲ့အပြင် ဒကာဒကာမတွေ ရှေ့တစ်ဆင့်တက် လိုက်ဦး. . . (တင်ပါ့)၊ **ဝူပသမယမာနာ**၊ အင်း **ဝူပသမယ မာနာ** လို့ ဆိုသောကြောင့် ဒီအနိစ္စတွေ ဒုက္ခတွေ အနတ္တ တွေကို ငြိမ်းနေစေတယ်. . . (မှန်ပါ့)။

သူမြင်တဲ့နေရာမှာ. . . (တင်ပါ့)၊ ဒကာဒကာမတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ငြိမ်းစေတယ်. . . (မှန်ပါ့)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မတွေ့ဘူးတဲ့. . . (တင်ပါ့)။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ငြိမ်းတဲ့သဘော၊ သူမရှိတဲ့ သဘောလေးသာမြင်တယ်. . . (တင်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

မဂ္ဂသမ္မာဒိဋ္ဌိက အနိစ္စ၊ ဒုက္ခ၊ အနတ္တမရှိတဲ့ ငြိမ်းတဲ့ သဘောလေးမြင်တယ်. . . (တင်ပါ့)၊ သဘောကျပလား. . (ကျပါပြီဘုရား)။

## ငြိမ်းနေတဲ့သဘောလေးကိုမြင်တယ်

မဂ္ဂသမ္မာဒိဋ္ဌိကတော့ ဘာမြင်သတဲ့ ဒကာဒကာမတို့ . . . (အနိစ္စ၊ ဒုက္ခ၊ အနတ္တငြိမ်းနေတဲ့သဘောလေးကို မြင်ပါတယ်ဘုရား)။

အဲ့ ဒကာစိန်ရ နေရာကျလိုက်တာ. . . (မှန်လှပါ)၊ အနိစ္စ ဒုက္ခ အနတ္တတို့ကိုတဲ့ ဝင်္ဂတရားတွေ ဖြစ်လေသော ကြောင့် အဲ့ဒီဝင်္ဂတရားတွေမမြင်ပဲနဲ့ သူတို့ငြိမ်းတာလေး ကိုသာလျှင်တဲ့ မြင်ပြီးသကာလ နေတယ်. . . (တင်ပါ့)။

အင်း- သူမြင်ပုံက တစ်မျိုးပါ. . . (မှန်လှပါဘုရား)၊ အနိစ္စလည်းမမြင်ဘူး. . . (တင်ပါ့)၊ ဒုက္ခကော. . . (မမြင် ပါဘူးဘုရား)၊ အနတ္တ. . . (မမြင်ပါဘူးဘုရား)၊ အသုဘ. . . (မမြင်ပါဘူးဘုရား)။ ဘာမှ မကောင်းတာဟူသ၍ မမြင် ပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

## မဂ္ဂသမ္မာဒိဋ္ဌိလို့ မှတ်လိုက်ပါ

မဂ္ဂသမ္မာဒိဋ္ဌိကလေ. . . (တင်ပါ့ဘုရား)၊ အေး- မကောင်းတာဟူသ၍ ဘာမှမမြင်ပဲနဲ့. . . (မှန်ပါ့)၊ ငြိမ်းတာ လေးတစ်ခုမြင်နေတယ်. . . (တင်ပါ့)။

ဒါလေးဟာဖြင့် ဒီနေရာဟာဖြင့် အင်း- ငြိမ်းချမ်းတဲ့ နေရာပဲ၊ ဖြစ်ပျက်လည်းမရှိဘူး. . . (တင်ပါ့)၊ ငြိမ်းချမ်းနေ တာလေးပဲမြင်ရတယ်လို့ ကိုယ့်ခန္ဓာဘက်လှည့်ကြည့်လိုက် ကြည့်လိုက် ငြိမ်းချမ်းတာပဲမြင်နေတယ်. . . (တင်ပါ့ဘုရား)။

ဖြစ်ပျက်ရှာမတွေ့ဘူး. . . (မတွေ့ပါဘူးဘုရား)၊ ဘာလေးမြင်တုံး. . . (ငြိမ်းချမ်းတာလေးမြင်ပါတယ်ဘုရား)။

အဲ- ငြိမ်းချမ်းတာလေးမြင်တယ် . . . (တင်ပါ့)၊ ကောင်းပြီ- ဒါက ဒကာဒကာမတို့ ဘာဒိဋ္ဌိတဲ့ . . . (မဂ်သမ္မာဒိဋ္ဌိပါဘုရား)။

မဂ္ဂသမ္မာဒိဋ္ဌိက ဒကာမတို့ ဒကာတို့ ငြိမ်းချမ်းတာလေးမြင်နေတယ် . . . (တင်ပါ့)၊ ဖြစ်ပျက်တွေလုံးဝမလာ . . (တင်ပါ့)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ . . . (မလာပါဘူးဘုရား)။

မလာပဲနဲ့ ငြိမ်းချမ်းတာပဲမြင်နေတယ်တဲ့ . . (တင်ပါ့)၊ ကောင်းပြီ၊ ဒီလိုငြိမ်းချမ်းတာတော့ဖြင့် မြင်ပြီဆိုတာ သဘောကျပြီတဲ့ . . . (တင်ပါ့)။

ဉာဏ်အမြင်ကတော့ဖြင့် ငြိမ်းချမ်းတာပဲ မြင်နေတယ်ဆိုလို့ရှိရင်ဖြင့် မဂ္ဂသမ္မာဒိဋ္ဌိလို့ မှတ်လိုက်ပါ . . . (မှန်လှပါဘုရား)၊ သဘောကျလား . . . (ကျပါပြီဘုရား)။

ဒကာစိန်- ဒါ ကိုယ့်အရေးနော် . . (မှန်လှပါဘုရား)၊ အားလုံး ဒကာဒကာမတွေ ဘယ်သူ့အရေးပါလိမ့် . . . (ကိုယ့်အရေးပါဘုရား)။

အဲ- အလုပ်လုပ်တဲ့ပုဂ္ဂိုလ်၏ ကိုယ့်အရေးလို့မှတ်လိုက်ကြစမ်းပါ . . . (မှန်ပါ့ဘုရား)၊ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်၏ ကိုယ့်အရေးကို ဒီဟာမျိုးဆိုတာ တယ်ရှားတယ် . . . (တင်ပါ့ဘုရား)။

## အလုပ်လုပ်တဲ့ပုဂ္ဂိုလ်၏မှတ်တိုင်

ဆုံးဖြတ်ချက်ကိုးဗျ. . . (တင်ပါ့ဘုရား)၊ ဆုံးဖြတ်ချက် ဒကာဒကာမတို့ အလုပ်စခန်းသည် ဘယ်ပေါက်နေလို့ ဘယ်ရောက်တယ်ဆိုတာ ကိုယ် မှတ်တိုင်ထားတာ. . . (မှန်လှပါဘုရား)။

လမ်းသွားတဲ့ပုဂ္ဂိုလ် မိုင်တိုင်ကြည့်သွားရတဲ့အခါကျတော့. . . ရောက်လုပြီ မရောက်သေးဘူးဆိုတာ သိလွယ်တယ်ပေါ့ဗျာ. . . (သိလွယ်ပါတယ်ဘုရား)။

ဒီမှာ မှတ်တိုင်နှစ်ခုပြောနေတယ်. . . (တင်ပါ့ဘုရား)၊ မှတ်တိုင်နှစ်ခုပြောနေတယ် ဒကာဒကာမတို့. . . (မှန်ပါ့)၊ မှတ်တိုင်နှစ်ခုကို ပြောနေပါတယ်. . . ရိပ်မိပလား . . . (တင်ပါ့ဘုရား)။

ဒါဖြင့် သူက ငြိမ်းချမ်းတာမြင်နေတယ်. . . (တင်ပါ့)၊ မဂ္ဂသမ္မာဒိဋ္ဌိအမြင်ကတစ်မျိုး. . . (မှန်လှပါ)၊ ဝိပဿနာသမ္မာဒိဋ္ဌိအမြင်က. . . (တစ်မျိုးပါဘုရား)။

## အပျက်တွေချည့်မြင်နေတာ ဝိပဿနာသမ္မာဒိဋ္ဌိ

အဲ - ဝိပဿနာသမ္မာဒိဋ္ဌိကတော့ ခုနက အပျက်တွေချည့်မြင်နေ. . . (တင်ပါ့)၊ လက္ခဏာတွေချည့်မြင်နေ. . (မှန်ပါ့ဘုရား)။

အဲ- မဂ္ဂသမ္မာဒိဋ္ဌိကတော့ ဒါတွေ မမြင်တော့ဘူး. . (တင်ပါ့ဘုရား)၊ ဒါတွေ ဆုံးတာနဲ့ငြိမ်းတာပဲ မြင်နေတယ်. . . (တင်ပါ့ဘုရား)။

## အရိယာအမြင်နဲ့ ပုထုဇဉ်အမြင် ခွဲပြောတဲ့တရား

ဒကာစိန် မကွာလား. . . (ကွာပါတယ်ဘုရား)၊ ကွာလိုက်တာ ကွာလိုက်တာ. . . (မှန်ပါ့)၊ အဲ့တော့ ဒကာ ဒကာမတို့ ပုထုဇဉ်အမြင်နဲ့ အရိယာအမြင်ကို ခွဲပြောနေတဲ့ တရားပဲ. . . (တင်ပါ့ဘုရား)။

ဒါကြောင့် အထူးဂရုစိုက်ပြီးသကာလ မှတ်ပါလို့ ပထမလာကတည်းက မေတ္တာရပ်ခံပါတယ်. . . (မှန်လှပါ ဘုရား)၊ အရေးကြီးလို့ပြောပါတယ်နော်. . . (တင်ပါ့)။

အရေးကြီးလို့ ပြောပါတယ် ဒကာဒကာမတို့. . . (တင်ပါ့)၊ ကိုယ်သွားနေတဲ့စခန်းနဲ့ လမ်းသည်ကားလို့ဆိုရင် ဘယ်မှတ်တိုင်ရောက်ရင် နီးပဟာ၊ ဘယ်မှတ်တိုင်ရောက်ရင် ရောက်ပဟာ. . . (တင်ပါ့ဘုရား) ဆိုတာ ဝေဖန်နိုင်တယ်. . . (မှန်လှပါဘုရား)။

ဝေဖန်နိုင်တယ်၊ ဝေဖန်နိုင်တယ် ဒကာဒကာမတို့ နော်. . . (မှန်ပါ့)၊ အဲတော့ ဝိပဿနာသမ္မာဒိဋ္ဌိ၊ အင်း- လက္ခဏာရေးသုံးပါးက လက္ခဏာတွေမြင်တယ်. . (တင်ပါ့)။

## မဂ္ဂသမ္မာဒိဋ္ဌိက ငြိမ်းချမ်းတာတွေမြင်တယ်

မဂ္ဂသမ္မာဒိဋ္ဌိက အဲ့ဒီ လက္ခဏာတွေ စွန့်. . (တင်ပါ့)၊ ငြိမ်းချမ်းတာတွေ ဒီလက္ခဏာတွေ မရှိတာမြင်နေတယ်. . . (တင်ပါ့)။

ဒီ လက္ခဏာတွေက ဒုက္ခသစ္စာတွေကိုးဗျ. . . (မှန်လှပါဘုရား)၊ ဒီလက္ခဏာတွေက ဒုက္ခတွေဖြစ်နေတော့ ဒါတွေ မမြင်တော့ဘူး သူက. . . (တင်ပါ့ဘုရား)။

ဒီ ဝူပသမယမာနာ လို့ဆိုသောကြောင့် ငြိမ်းအေးတာပဲ သူ အာရုံပြုနေတယ်. . . (တင်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲ့ဒါ ဘာတုံး ဒကာစိန်ရ. . (မဂ္ဂသမ္မာဒိဋ္ဌိပါဘုရား)၊ အဲ့ မဂ္ဂသမ္မာဒိဋ္ဌိနော်. . . (မှန်ပါ့)၊ မဂ္ဂသမ္မာဒိဋ္ဌိက ငြိမ်းအေးတာတွေကို သူ အာရုံပြုနေတယ် (ဝါ) ဉာဏ်နဲ့တည့်နေတယ်. . . (မှန်လှပါ)။

ခုနကတော့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာတွေနဲ့ ဉာဏ်နဲ့တည့်နေတယ်. . . (တည့်ပါတယ်ဘုရား)၊ ခု မဂ်ဉာဏ်ကတော့ ဒကာ ဒကာမတွေ အဲ့ဒီ လက္ခဏာတွေနဲ့ မတည့်ဘဲနဲ့ ငြိမ်းအေးမှုနဲ့ ဉာဏ်နဲ့ တည့်နေတယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျလား. . . (ကျပါပြီဘုရား)။

အင်း- ဒါက မဂ္ဂသမ္မာဒိဋ္ဌိ. . . (တင်ပါ့)၊ ဒါဖြင့် မဂ္ဂသမ္မာဒိဋ္ဌိကတော့ သဘောကျကြပြီ၊ သူ ငြိမ်းအေးတာကို အာရုံပြုနေတယ်. . . (တင်ပါ့)၊ ရှုသောပုဂ္ဂိုလ်မှာ နေရ ထိုင်ရတဲ့အရေးကတော့ ဘယ်လိုများထူးထွေလာပါသေးသလဲလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

အေး- ရှုသောပုဂ္ဂိုလ်မှာလည်း ထူးထွေလာတာကို ဒကာဒကာမတွေ မှတ်ပါအုံး. . . (တင်ပါ့)၊ ဟုတ်လား. . . (တင်ပါ့)။

ရှုသောပုဂ္ဂိုလ်ကျလာတဲ့အခါကျတော့ အရင်ပြောခဲ့တဲ့ ဒကာဒကာမတို့ မှတ်မိပါလိမ့်ဦးမယ်၊ လွန်ခဲ့တဲ့နှစ်လသုံးလကနော်. . . (မှန်ပါ့)။

**ပီတိသက ကတာသ သံ မဂ္ဂတေ အာသေစ နမာဝိယ ဥပ္ပဇ္ဇတိ၊**

အင်မတန်ပူပြင်းရာက လာပြီးသကာလ ရေအင်မတန်ချိုးချင်တဲ့အထဲမှာ အေးလှစွာသော ရေတွေအထဲမှာ ရှိတဲ့ တစ်ထောင်လောက်ရှိတဲ့ ရေအိုးတွေနဲ့လောင်း ပြီးချိုးလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် တစ်ခါတည်း (မှန်ပါ)၊ အေးချမ်းတဲ့သဘောလို့ ခန္ဓာကိုယ်ထဲမှာ ရောက် မသွားဘူးလား. . . (ရောက်ပါတယ်ဘုရား)။

စိတ်ထဲမှာ တစ်ခါတည်းကြည်ရွှင်ပြီးသကာလ အင်း-

ဒီအခြေအနေဟာဖြင့် တယ်ကောင်းမြတ်တဲ့ အခြေအနေ ပါလားလို့. . . (မှန်ပါ့)၊ မိမိခန္ဓာကိုယ် နေရထိုင်ရတဲ့ အရေးမှာလည်း တစ်ခါတည်းငြိမ်းအေးတဲ့အရေး. . . (တင်ပါ့)။

## ရေအိုးတစ်ထောင်နဲ့ လောင်းလိုက်သလို

ရေအိုးတစ်ထောင်နဲ့လောင်းပြီး ချိုးလိုက်ရသလို တစ်ခါတည်း စိတ်ထဲမှာ (မှန်ပါ့)၊ ရှင်းလင်းပြီးသကာလ ဘာနဲ့မှ မရောမယှက်ဘဲနဲ့ ချမ်းသာပြီးသကာလ အေးချမ်းနေတယ်. (တင်ပါ့ဘုရား)။

ခန္ဓာကိုယ်ထဲမှာ ချမ်းသာအေးချမ်းနေတယ်. . . (အေးချမ်းပါတယ်ဘုရား)၊ မြင်တာကလည်း ခုနက ငြိမ်းအေးတာမြင်တယ်. . . (တင်ပါ့)။

ရုပ်, နာမ်တွေဘက်ကကြည့် ကျန်တဲ့ခန္ဓာဘက်ကြည့်လိုက်ပြန်တော့လည်း ရေချိုးပြီးသကာလ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းကို ဒကာဒကာမတွေ အလွန်အမင်းရခြင်းရှိဘိသကဲ့သို့. . . (တင်ပါ့)။

တစ်ခါတည်းအေးပြီးသကာလ အင်း- ဘယ်တော့မှ မတွေ့ဘူး ဘယ်တော့မှ မကြုံဘူး ဘယ်တော့မှ မဆုံဘူးတဲ့ အေးငြိမ်းမှု ခန္ဓာကြီးကိုလည်း တစ်ခါတည်း ပြတယ်. . . (တင်ပါ့)၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

## အနေကလည်း စိတ်အေးလက်အေး

ဒါဖြင့် အမြင်က အမြင်ကလည်း ငြိမ်းအေးတာ အာရုံပြု. . . (တင်ပ့ါဘုရား)၊ အနေကလည်း စိတ်အေး လက်အေး. . . နော်. . . (တင်ပ့ါ)။

အနေကလည်း ဒီအအေးမျိုး ဘယ်တော့မှ မကြုံဘူး တဲ့အနေမျိုးကို ဒကာဒကာမတွေ ရလိမ့်မယ်. . . (တင်ပ့ါ ဘုရား)၊ ရိပ်မိပလား. . . (တင်ပ့ါဘုရား)။

အဲ့ဒီလို အမြင်ကလည်း ငြိမ်းအေးတာ အာရုံပြု၊ အနေကလည်း ရေအိုးတစ်ထောင်နဲ့ လောင်းပြီး သကာလ ချိုးလိုက်ရသလို သုံးလိုက်ရလို့ . . (တင်ပ့ါဘုရား)၊ အင်း- စိတ်အေးလက်အေး ဒီအရေးနဲ့ ဘယ်ဟာမှမတူဘူး၊ဒါ အချမ်းသာဆုံးပဲဆိုပြီး ခန္ဓာကိုယ်ထဲမှာလည်း ပေါ်လာလိမ့် မယ်. . . (မှန်ပ့ါဘုရား)။

သိဘောကျပလား. . . (ကျပါတယ်ဘုရား)။

## အမြင်ကလည်း ငြိမ်းအေး

ဒါဖြင့် အမြင်ကလည်း ငြိမ်းအေး. . . (တင်ပ့ါ)၊ အနေကလည်း. . . (ငြိမ်းအေးပါဘုရား)၊ အဲ အဲ့ဒီငြိမ်းအေး နှစ်ခု မြင်တုံး အေးတာလို့ တစ်ပြိုင်တည်းလို့ မှတ်လိုက်စမ်း . . . (တင်ပ့ါ)။

အမြင်ကလည်း အေးတုန်း၊ ခန္ဓာကြည့်လိုက်ပြန်တော့လည်း အေးတုန်း. . . (တင်ပ့ါ)၊ ဒကာစိန်ရေ. . . (မှန်ပ့ါ)၊ အမြင်ကလည်း ငြိမ်းအေးတာ. . . (မှန်ပ့ါ)၊ အနေကကော. . . (ငြိမ်းအေးတာပါဘုရား)။

အဲဒီကဲ့သို့ အမြင်လည်း မပြတ်ပဲနဲ့ငြိမ်းအေးတာမှ. . (မှန်ပ့ါ) မဂ္ဂသမ္မာဒိဋ္ဌိ မဂ်ရပဟ လို့ ဆုံးဖြတ်ချက်ချလိုက်စမ်း . . . (ကောင်းလှပါဘုရား)၊ သဘောကျလား. . . (ကျပါပြီဘုရား)။

မဂ်ရပဟလို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ ဒကာဒကာမတို့. . . (မှန်လှပါဘုရား)၊ ဒကာစိန် ဘယ်လောက်အဖိုးတန်တုံး. . . (အဖိုးတန်ပါတယ်ဘုရား)။

ဒါ ဆုံးဖြတ်ချက်နော်. . . (တင်ပ့ါ)။

ဒါ ဘုန်းကြီးကဆုံးဖြတ်ချက်ချရင် လွဲမယ်. . . (မှန်လှပါ)၊ တကယ့်အဋ္ဌကထာဆရာကြီးတွေက ဆုံးဖြတ်ချက်ချတယ်. . . (မှန်လှပါဘုရား)၊ အေး- ပဏ္ဏာသကထာကြီးတွေက ဆုံးဖြတ်ချက်ချတော့ ဒကာဒကာမတွေ ဝန်လေးစရာဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)။

ဒီမှာလည်း ဟိုကျလာတော့ မဂ်က အခုပြောတဲ့အတိုင်း အမြင်ကလည်း ငြိမ်းအေး. . . (မှန်ပ့ါ)၊ ခန္ဓာကလည်းငြိမ်းအေး (မှန်ပ့ါဘုရား)၊ အဲ့ဒီနှစ် အေးကို

ဒကာဒကာမတွေ ကိုယ်ပိုင်ရပြီဆိုမှဖြင့် ဟိုဘက်ကို တစ်ခါတည်းအေးချမ်းတာချည့်ပဲ လာလိမ့်မယ်. . . (တင်ပ့ါ)၊ လာလိမ့်မယ်နော်. . . (မှန်ပ့ါ)။

## မင်္ဂကာ ဘယ်လောက်ကြာကြာလာမှာတုံး

သို့သော် ဘယ်လောက်ကြာကြာလာမှာတုံးဆိုတော့ တစ်၊ နှစ်၊ သုံး၊ လေး ထက်ပိုမလာဘူး. . . (တင်ပ့ါ)၊ တစ်၊ နှစ်၊ သုံး၊ လေး ဒါပဲလာနိုင်မယ်. . . (တင်ပ့ါ)။

တစ် တစ်ကြိမ်၊ နှစ် တစ်ကြိမ်၊ သုံး တစ်ကြိမ်၊ လေး တစ်ကြိမ်. . . (တင်ပ့ါ)၊ ဒါပဲ လာမယ် ဒကာဒကာမတွေ. . (တင်ပ့ါ)၊ ဒီပြင်ဟာ မလာတော့ဘူး. . . (မှန်ပ့ါ)။

မလာတော့ဘူး၊ မလာတော့ဘူး. . . (မှန်ပ့ါ)၊ အဲဒီ မလာတော့ သူ တစ်၊ နှစ်၊ သုံး၊ လေး ဆိုရင်ဖြင့် တစ်ခါ တည်း ငြိမ်းအေးတာပဲ၊ ခန္ဓာကိုယ်ကြီးအေးတာရယ်. . . (တင်ပ့ါ)၊ တစ်ခါတည်းပေါ်ပေါက်ပြီးသကာလ လာပြီး နောက်ကျတော့ ဒကာဒကာမတွေက ကိုယ်ရှုချင်တာ ပြန်ရှု တော့လည်း ခုနက ဖြစ်ပျက်ပြန်တွေ့မယ်. . . (မှန်ပ့ါဘုရား)။

တွေ့ချင်တွေ့၊ မတွေ့ချင်နေ ဒါတို့သည် တစ်ထစ် တော့အောင်ပြီး အပါယ်တံခါးပိတ်လို့ နိဗ္ဗာန်ကို မြင်ခဲ့ရပြီသာ ပြောချပေတော့. . . (ပြောမှာပါဘုရား)။

## အပါယ်တံခါးပိတ်လို့ နိဗ္ဗာန်မြင်ရပြီ

အပါယ်တံခါးပိတ်လို့ နိဗ္ဗာန်မြင်ရပြီဆိုတာ ပြောချပါ. . . (တင်ပါ့)၊ ဘယ်အချိန် နိဗ္ဗာန်မြင်ခဲ့တုံးလို့ မေးတဲ့အခါကျတော့ ခုနက ငြိမ်းအေးတာကို မြင်တုန်းက နိဗ္ဗာန်မြင်ခဲ့တယ်. . . (တင်ပါ့)။

ဘယ်အချိန် အပါယ်တံခါး ပိတ်ပြီတုံးဆိုတော့ ခုနက ကိုယ်ထဲမှာ ပြန်ကြည့်တဲ့အခါ ကိလေသာအပူဓာတ်တွေ ငြိမ်းအေးသွားလို့ ကိလေသာရှိမှ အပါယ်ကျတာ . . . (တင်ပါ့)။

အဲဒီ ကိလေသာမရှိသောကြောင့် ငြိမ်းအေးသွားသောကြောင့် တို့ အပါယ်တံခါးပိတ်ပြီ ကိလေသာမရှိလို့ အေးတာက အပါယ်တံခါးပိတ်ကြောင်းပြတာ. . . (တင်ပါ့)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ငြိမ်းတာမြင်တာက နိဗ္ဗာန်မြင်တာ. . (မှန်ပါ့)။

ခန္ဓာကိုယ်ထဲ လှည့်ပတ်ကြည့်လိုက်တဲ့အခါကျတော့ အေးမှုချည်းနဲ့သာ နေရတာ မြင်သဖြင့်လည်း အပါယ်တံခါးပိတ်လို့ဆိုတာ သချာလား. . . (တင်ပါ့ဘုရား)၊ ရှင်းလား. . (ရှင်းပါပြီဘုရား)။

အပါယ်တံခါးပိတ်တာကော သေချာပြီလား. . . (သေချာပါပြီဘုရား)၊ ဘယ်နှယ့်ကြောင့် ခန္ဓာကိုယ်ထဲက

အေးရပါလိမ့်မတုံးလို့မေးတဲ့အခါကျတော့ ကိလေသာအပူ ဓာတ်. . (မှန်ပါ့)၊ အရှိန်သတ်သွားလို့. . . (တင်ပါ့ဘုရား)။ သဘောကျလား. . . (ကျပါပြီဘုရား)။

အပါယ်ရောက်စေတတ်တဲ့ ကိလေသာအပူဓာတ်တွေ အရှိန်သတ်သွားလို့ အေးလိုက်တာပဲ. . . (မှန်ပါ့ဘုရား)၊ အဲဒီ အေးလိုက်သောကြောင့် တို့ အပါယ်တံခါးပိတ်တယ်လို့ ဆုံးဖြတ်ချက်ချ. . . (တင်ပါ့ဘုရား)။ နားလည်လား. . . (နားလည်ပါပြီဘုရား)။

## နိဗ္ဗာန်မြင်ခဲ့ပြီဆိုတာကတော့

တို့ နိဗ္ဗာန်မြင်ခဲ့ပြီဆိုတော့ ခုနက လက္ခဏာရေးသုံးပါး ဘာမှမတွေ့ပဲနဲ့ ဟုတ်လား. . . (တင်ပါ့)၊ ဝင်္ကျွတ်သွားတာလေး ငြိမ်းအေးသွားတာလေးကို မြင်ပါလိမ့်မယ်. . . (တင်ပါ့ဘုရား)။

ဩော်- ဒီနေရာမှာ နဂိုက ဒုက္ခပုံကြီး ခုတော့ ကြည့်စမ်း. . . (မှန်ပါ့)၊ ဒုက္ခတွေ ရှာမတွေ့အောင်ပဲ မြင်တဲ့အမြင်ကလေး မရပေဘူးလား. . . (ရပါတယ်ဘုရား)။

နဂိုက ဒီနေရာ ပျက်လိုက်တာ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတွေ ပြည့်လို့ပေါ့ဗျာ. . . (တင်ပါ့ဘုရား)၊ အဲ့ဒါတွေ တစ်ခုမှရှာမတွေ့ဘူး၊ ဒါတွေသည်ကား

အဆိုးဟူသ၍ ရှာမတွေ့ဘူး၊ အကောင်းချည့်ပဲ. . . (တင်ပါ့)၊ အပျက်မရှိတဲ့နေရာ ရောက်သွားတယ်. . . (တင်ပါ့ဘုရား)။

အဲ့ဒါက နိဗ္ဗာန်မြင်တာ. . . (မှန်ပါ့)၊ ဒါကြောင့် နိဗ္ဗာန်လည်းမြင်လို့ ခင်ဗျားတို့အပါယ်တံခါးပိတ်တာ. . . (တင်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

နိဗ္ဗာန်လည်းမမြင်သေးဘူးလား. . . (မြင်ရပါပြီဘုရား)၊ ငြိမ်းအေးတာဘာပါလိမ့်. . . (နိဗ္ဗာန်ပါဘုရား)၊ လက္ခဏာရေးသုံးပါးကို မတွေ့ဘူး. . . (မတွေ့ပါဘုရား)၊ သဘောကျလား. . . (ကျပါပြီဘုရား)။

ဘာမတွေ့တာပါလိမ့်. . . (လက္ခဏာရေးသုံးပါးပါဘုရား)၊ အဲ- လက္ခဏာရေးသုံးပါးကို မတွေ့ဘူး မဂ်ဉာဏ်က . . . (တင်ပါ့)။

ဘာတွေ့နေ လက္ခဏာရေးသုံးပါးမရှိတာတွေ့နေ. . (တင်ပါ့)၊ အနိစ္စမရှိတာ. . . (တင်ပါ့)၊ ဒုက္ခမရှိတာ. . . (တင်ပါ့)၊ အနတ္တမရှိတာ. . (မှန်ပါ့)၊ ကြောက်စရာ လန့်စရာ မရှိတာ. . . (တင်ပါ့)။

ဆင်းရဲမျိုးစုံမတွေ့ကြုံတာ. . . (တင်ပါ့)၊ ဒါတွေချည့် မြင်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ အဲ့ဒါ နိဗ္ဗာန်မြင်တာ. . . (တင်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲ့ဒီကဲ့သို့ နိဗ္ဗာန်မြင်တော့မှ မြင်တဲ့အချိန်ကလေးမှာပဲ ခန္ဓာကိုယ်ထဲက ရေအိုးတစ်ထောင်နဲ့ ခန္ဓာကိုယ်မှာ အေးလှစွာသောရေနဲ့လောင်းလိုက်သလို ခန္ဓာကိုယ်ကြီးကလည်း နေရထိုင်ရတာ တစ်ခါတည်း အေးငြိမ်းပြီးသကာလ သွားတော့. . . (မှန်ပါ့)၊ ဟုတ်လား. . . (တင်ပါ့)။

အဲဒီအေးတာက နဂိုကတည်းက အေးတာက ဘာတုံးဘုရားဆိုတော့ အို- အပါယ်မီးငြိမ်းတာ. . . (တင်ပါ့)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ကိုယ်ထဲကအေးတာ ဘာပါလိမ့်

ကိုယ်ထဲက အေးတာ ဘာပါလိမ့်. . . (အပါယ်မီးငြိမ်းတာပါဘုရား)၊ အပါယ်မီးငြိမ်းတာ. . ဟုတ်လား. . . (တင်ပါ့)၊ ဉာဏ်နဲ့မြင်တာက ဘာတုံးဆိုတော့ နိဗ္ဗာန်မြင်တာ. . . (တင်ပါ့)။

ဉာဏ်နဲ့ အအေးမြင်တာက ဘာတုံး. . . (နိဗ္ဗာန်ပါဘုရား)၊ ကိုယ်ထဲအေးတာက. . . (အပါယ်မီးငြိမ်းတာပါဘုရား)၊ အဲဒီမှာ ဒါ သေသေချာချာမှတ်. . . (တင်ပါ့)၊ ဟုတ်လား. . . (တင်ပါ့ဘုရား)။

ဒါ သေသေချာချာမှတ်ကြ ဒကာဒကာမတို့၊ ဒါ အသေအချာမှတ်ပါ၊ အတော်အရေးကြီးလို့ ပြောနေတဲ့စကား

ပါ. . . (မှန်ပါ့ဘုရား)၊ အတော့်ကို အရေးကြီးလို့ပြောနေတာ . . . (တင်ပါ့)။

ဒါတွေဟာ ဒကာစိန် အလုပ်သမားအတွက်မှာဖြင့် အင်း- သူမှတ်တိုင်နဲ့သူ သွားရတဲ့ခရီးကို မှတ်တိုင်မပါဘဲ သွားရတာလောက် မောတာ ဘယ်ရှိမတုံး. . . (မှန်ပါ့ ဘုရား)။

ဘယ်ကမ်းဆိုက်လို့ ဘယ်ရောက်မှန်းလည်းမသိပဲနဲ့ . . . (မှန်လှပါဘုရား)၊ ရောက်ခါမှပဲ အင်း- ချရတဲ့အသွား မျိုးမဟုတ်ပါဘူး. . . (မှန်ပါ့ဘုရား)။

ပထမ တစ်နံပါတ် မှတ်တိုင်ရှိပါတယ်. . . (မှန်ပါ့)၊ နှစ်နံပါတ်မှတ်တိုင်ရှိပါတယ်. . . (တင်ပါ့ဘုရား)။

အဲ့ဒီ မှတ်တိုင်အစဉ်တိုင်း လျှောက်တဲ့အခါကျတော့ ဘယ်မှတ်တိုင်ရောက်လို့ရှိရင် နီးပြီဟ. . . (တင်ပါ့ဘုရား)၊ ဘယ်မှတ်တိုင်ရောက်လို့ရှိရင် ရောက်ပြီဟ. . . (မှန်ပါ့)။

နီးပြီဟ နဲ့ ရောက်ပြီဟ ဆိုလို့ရှိရင်ဖြင့် ဘယ်သူက ချမ်းသာတုံး မေးလို့ရှိရင်ဖြင့် ဒကာစိန် ဘယ်နှယ့်ဖြေမတုံး . . . (ရောက်တာက ချမ်းသာတာပါဘုရား)။

ရောက်တာက ချမ်းသာတယ်ဆိုတာ သဘောကျပြီ လား. . . (သဘောကျပါပြီဘုရား)၊ အဲ့ဒါကြောင့် ရောက်တဲ့ အခါလည်း ရောက်မှန်းသိဖို့ရာလည်း ဆရာဘုန်းကြီးက သတိပေးထားတယ်. . . (မှန်လှပါဘုရား)။

ဟုတ်လား နီးတာကိုလည်း နီးမှန်းသိအောင်လည်း. (သတိပေးပါတယ်ဘုရား)၊ အဲ- ဝိပဿနာဉာဏ်ကတော့ လက္ခဏာရေးသုံးပါးမြင်နေလို့ နီးပြီဟ. . . (တင်ပါ့ဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## ငြိမ်းအေးတာမြင်ရင် ရောက်ပြီဟ

မဂ္ဂသမ္မာဒိဋ္ဌိကတော့ဖြင့် အဲ- ဒီဥစ္စာ ငြိမ်းအေးတာကိုလည်း မြင်. . . (တင်ပါ့)၊ ဟုတ်လား. .. (တင်ပါ့)၊ ခန္ဓာကိုယ်ကြီးကလည်း ငြိမ်းအေးမှုနဲ့ကြုံ. . . (မှန်ပါ့ဘုရား)။

အဲ- ဒါကတော့ဖြင့် ရောက်ပြီဟဆိုတဲ့ နေရာပဲ. . . (မှန်လှပါဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ရောက်ပြီဟဆိုတဲ့နေရာပဲဆိုတော့ ဒကာဒကာမတွေ ဒါ အဲ- နီးတဲ့ပုဂ္ဂိုလ်လည်းနီးပြီ. . . (တင်ပါ့)၊ ရောက်တဲ့ပုဂ္ဂိုလ်လည်း ရောက်အောင်သွားဖို့ အရေးဆိုတော့ ဒကာဒကာမတို့ လုံ့လဝီရိယပြင်းထန်ပေးလိုက်လို့ရှိရင်ဖြင့် ရောက်ပြီဟဆိုတဲ့ဥစ္စာဟာ. . . (မှန်ပါ့)၊ ကိုယ် နဂိုက အရမ်းသွား သွားရတာမဟုတ်ဘူး. . . (မဟုတ်ပါဘူးဘုရား)။

ဆရာဘုန်းကြီးက ဒီတစ်ခါရောက်ရင် ရောက်ပြီ. . (တင်ပါ့ဘုရား)၊ ဒီအမြင်မျိုးကြုံလို့ ဒီအရေးမျိုးရလို့ရှိရင် ရောက်ပြီ. . . (တင်ပါ့)။

ဒီအမြင်မျိုးကြုံ၍ဆိုတာ ငြိမ်းအေးတာကို မြင်တယ်. (တင်ပ့ါ)၊ လက္ခဏာရေးသုံးပါးမမြင်ပဲနဲ့ လက္ခဏာရေးသုံးပါးမရှိတာကိုပဲ မြင်နေတယ်. . . (တင်ပ့ါဘုရား)။

အပျက်ဖြစ်ဖြစ် ဘာမှမရှိတာကိုပဲ မြင်နေတယ်. . . (တင်ပ့ါဘုရား)၊ ဟုတ်လား. . . (တင်ပ့ါ)၊ ခန္ဓာကိုယ် နေရထိုင်ရတာတော့ ဒကာစိန်. . . (မှန်ပ့ါ)၊ ဘယ်လိုဖြစ်နေတုံး (အလွန်အေးချမ်းသွားပါတယ်ဘုရား)။

အလွန်းအေးချမ်းသွားတာကတော့ ကိလေသာမီးငြိမ်း. . . (ငြိမ်းပါတယ်ဘုရား)၊ ကိလေသာမီးက ဘာမီးတုံးလို့မေးတော့ အပါယ်မီးငြိမ်းတာ. . . (တင်ပ့ါဘုရား)။

ကိလေသာဆိုတဲ့ဥစ္စာ အပါယ်ရောက်စေတတ်တဲ့ ကိလေသာ. . (မှန်ပ့ါဘုရား)၊ အဲ့ဒီ ကိလေသာမီးငြိမ်းလို့ ခန္ဓာကိုယ်က အေးတယ်. . . (တင်ပ့ါဘုရား)။

ဒါဖြင့် အမြင်အေး. . . (မှန်ပ့ါ)၊ အမြင်က အငြိမ်းကိုမြင်တယ်. . . (တင်ပ့ါ)၊ ခန္ဓာက အေးတာနဲ့ နေရတယ်၊ သဘောကျလား. . . (ကျပါပြီဘုရား)။

## အမြင်ငြိမ်းပြီး အနေအေးရင်မဂ်ရတာ

ဒါဖြင့် မဂ္ဂသမ္မာဒိဋ္ဌိကတော့ အမြင်ကငြိမ်း အနေကအေး. . . (တင်ပ့ါ)၊ အဲ့ဒါနှစ်ခု လာလို့ရှိရင်ဖြင့် အဲ့ဒါ မဂ်ရ

လာတာ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့ဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဘာတုံးဆိုတော့ အမြင်ကငြိမ်း. . . (တင်ပါ့)၊ အနေက. . . (အေးပါတယ်ဘုရား)၊ အမြင်က. . . (ငြိမ်းပါတယ်ဘုရား)၊ အနေက. . . (အေးပါတယ်ဘုရား)။

အမြင်က. . . (ငြိမ်းပါတယ်ဘုရား)၊ အနေက. . . (အေးပါတယ်ဘုရား)၊ အဲ့ဒါ ဘာသမ္မာဒိဋ္ဌိတုံး. . . (မဂ္ဂသမ္မာဒိဋ္ဌိပါဘုရား)၊ ဟာ- ဒါဖြင့် ရောက်ပြီ. . . (မှန်လှပါ)၊ ဒကာစိန် ဒီရောက်အောင်ကြိုးစား. . (ကောင်းလှပါဘုရား)။

ဒီရောက်အောင်ကြိုးစားပါ. : . (တင်ပါ့)၊ ဒီရောက်အောင်ကြိုးစားကြပါ ဒကာဒကာမတို့. . . (မှန်လှပါဘုရား)၊ ဒီရောက်အောင်ကြိုးစားကြပါဆိုတဲ့ဥစ္စာသည်. . . (မှန်ပါ့)၊ ဘာကြောင့် ဆရာဘုန်းကြီး အရေးတကြီးတိုက်တွန်းရပါသလဲလို့ ဒကာဒကာမတွေက မေးခဲ့သော်. . . (မှန်လှပါ)၊ အပါယ်မီးဝမ်းထဲမှာရှိနေလို့. . . (မှန်လှပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲ့- ငရဲအိုးတွေ ဝမ်းထဲရှိနေလို့. . . (တင်ပါ့ဘုရား)၊ ငရဲအိုးတွေ ဝမ်းထဲရှိနေလို့ ဘယ်ငရဲအိုးတုံး၊ အို- ငရဲကြီးငရဲငယ်ရှစ်သောင်း ဟုတ်လား. . . (တင်ပါ့ဘုရား)။

ရှစ်သောင်းလေးထောင် ငရဲတွေ အကုန်ဝမ်းထဲရှိနေလို့. . . (တင်ပ့ါ)၊ ဒကာဒကာမတို့ ခင်ဗျားတို့ သွက်သွက်လုပ်လိုက်၊ ဒီအအေးက အနေအေးအောင် ဟုတ်လား. . . (မှန်ပ့ါ)။

အမြင်ဉာဏ်အနေအေးအောင် မြန်မြန်လုပ်လိုက်၊ အဲဒီငရဲတွေက ဝမ်းထဲရောက်နေတယ်. . . (တင်ပ့ါဘုရား)၊ အကြောင်းတရားရှိတော့ အကျိုးတရားက မရှိပေဘူးလား. . (ရှိပါတယ်ဘုရား)။

အကြောင်းတရားကိလေသာရှိနေတော့ အကျိုးတရား ငရဲအိုးတွေက ဝမ်းထဲမှာမရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲဒါ ဒကာဒကာမတွေကို ငရဲအိုးဝမ်းထဲရှိတဲ့ ဒကာဒကာမတွေ ငရဲမီးငြိမ်းတဲ့အလုပ်ကိုဖြင့်. . . (တင်ပ့ါ)၊ လုပ်ကြလုပ်ကြလို့ဆိုတဲ့ဥစ္စာ အထူးတိုက်တွန်းရမှာပဲ. . . (မှန်လှပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

တော်တော်ကြာကျမှ ခင်ဗျားတို့က မှားလေခြင်းမဖြစ်စေနဲ့. . . (မှန်ပ့ါဘုရား)၊ ရှိတာသေချာပြီ. . . (တင်ပ့ါ)၊ ရှိတာသေချာပြီ ဒကာဒကာမတို့ ဝမ်းထဲမှာ. . . (မှန်လှပါ)။

## ငရဲကြီးရှစ်ထပ်နှင့် ငရဲငယ်တစ်ရာ့နှစ်ဆယ်

ငရဲကြီးရှစ်ထပ်နဲ့ ငရဲငယ်တစ်ရာ့နှစ်ဆယ်ရှိတယ်. . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဝမ်းထဲ ဘာတွေများရှိတုံး. . . (ငရဲကြီးရှစ်ထပ်နဲ့ ငရဲငယ်တစ်ရာ့နှစ်ဆယ်ရှိပါတယ်ဘုရား)။

အဲ့ဒါတွေ ခုနကအမြင်က ငြိမ်း၊ အနေအေးသွားတာ အဲ့ဒီငရဲတွေပျောက်သွားတာ. . . (တင်ပါ့ဘုရား)၊ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

အမြင်ကငြိမ်း အနေကအေးတယ်ဆိုတော့ အနေအေးတာ ဘာပျောက်သွားတာတုံး. . . (ငရဲပျောက်သွားတာပါဘုရား)၊ ငရဲပျောက်သွားတာ. . . (တင်ပါ့)။

အမလေး- ဒကာဒကာမတို့ ဒီလိုမှအားမထုတ်တဲ့ ဒကာဒကာမတွေဖြင့် ငရဲတွေဝမ်းထဲမှာ ဟုတ်လား. . . (မှန်ပါ့)၊ ငရဲမျိုးစေ့တွေကို ပုံလို့ပါလား. . . (တင်ပါ့ဘုရား)။

ငရဲကြီးရှစ်ထပ်မျိုးစေ့. . . (တင်ပါ့)၊ ငရဲငယ်တစ်ရာ့နှစ်ဆယ်မျိုးစေ့. . . (မှန်ပါ့)၊ ဘယ်မှာသာလျှင် ဒါတွေဟာ အောင်ပြီးသားမျိုးစေ့. . . (တင်ပါ့ဘုရား)၊ ခုနက မဂ်ရေနဲ့ လောင်းလိုက်လို့သာ ဒီအပူငရဲမီးတွေ၊ ငရဲမျိုးစေ့အပူတွေ ငြိမ်းသွားတာ. . . (တင်ပါ့)၊ မဂ်ရေနဲ့သာ မလောင်းလိုက်ဘူးဆိုရင်. . . (မငြိမ်းနိုင်ပါဘူးဘုရား)၊ အဲ့ဒီမှာ ခန္ဓာက ပြတာ . . . (တင်ပါ့)။

ဒီမှာ ခန္ဓာကပြတာ. . . (တင်ပါ့)၊ အဲ့ဒါကြောင့် ဘုန်းကြီးက သနားတယ် ဒကာစိန်. . . (မှန်လှပါဘုရား)။

## တစ်ခါတစ်ခါ ဗွေဖောက်တယ်

ဒကာဒကာမတွေ ဘုန်းကြီးပြောတာကို နားတော့ ထောင်ကြပါတယ်. . . (မှန်ပါ့)၊ ထောင်ပေမယ့် သူတို့က တစ်ခါတစ်ခါကျတော့ ဗွေဖောက်သေးတယ်. . . (မှန်ပါ့)။

ဗွေဖောက်တယ် ဒကာစိန်ရ. . . (မှန်လှပါ)၊ သားရေး၊ သမီးရေး၊ စီးပွားရေး ရှုပ်လာပြီဆိုမှဖြင့် ဟုတ်လား အလုပ်ကလေးပျက်ပျက်သွားတယ်. . . (တင်ပါ့)။

သုံ့တော်ကောင်းအလုပ်ပေါ့ဗျာ. . . (မှန်ပါ့ဘုရား)၊ ခုနက ကိုယ်ထဲအေးမဲ့အလုပ်. . . (တင်ပါ့)၊ အမြင်ငြိမ်းရမဲ့ အလုပ်ကလေး. . . (မှန်ပါ့)၊ ဟုတ်လား. . . (မှန်ပါ့)၊ အမြင် ငြိမ်းရမဲ့အလုပ်. . . (မှန်ပါ့)၊ အနေအေးရမဲ့အလုပ်ကလေး ပျက်ပျက် ပျက်ပျက်သွားတော့ သားရေး၊ သမီးရေး၊ စီးပွားရေးတည်းဟူသော ငရဲမီးတွေက ဝမ်းထဲမှာ တိုးတိုး လာတယ်. . . (တင်ပါ့)။

မတိုးပေဘူးလား. . . (တိုးပါတယ်ဘုရား)၊ ခင်တယ် ဆိုတော့ သမုဒယသစ္စာ. . . (မှန်ပါ့)၊ စိတ်မချမ်းသာဘူးဆို တော့ ဒေါမနဿ. . . (တင်ပါ့ဘုရား)၊ ဟုတ်ပြီလား. . . (မှန် လှပါဘုရား)။

အဲ့တော့ သူတော်ကောင်းအလုပ် မလုပ်တာက အဝိဇ္ဇာဆိုတဲ့မောဟ. . . (တင်ပါ့)၊ ဒါတွေက ငရဲမီးတွေက ဝမ်းထဲရောက်မလာဘူးလား. . . (ရောက်လာပါတယ်ဘုရား)။

## ငရဲမျိုးစေ့တွေက ဝမ်းထဲရှိနေတယ်

ဝမ်းထဲရောက်လာတော့ ဒကာဒကာမတွေ ခုနက ရေအိုးတစ်ထောင်နဲ့လောင်းသလို အေးတာတွေ မလာသေး သ၍ကာလပတ်လုံး သူတို့ဝမ်းထဲက အနုသယသဘောနဲ့ ဘယ်တော့မှ မချုပ်ဘူး. . . (တင်ပါ့ဘုရား)။

မြဲ့တဲ့သဘောနဲ့နေတယ်၊ အညော်စောင့်နေတယ်. . (တင်ပါ့ဘုရား)၊ ရိပ်မိကြပလား. . . (ရိပ်မိပါတယ်ဘုရား)၊ ဘာသဘောနဲ့နေတုံး. . . (မြဲ့တဲ့သဘောနဲ့အညော်စောင့်နေ ပါတယ်ဘုရား)။

မြဲ့တဲ့သဘောနဲ့ရှိနေတယ်၊ အဲ့ဒါ အနုသယ ကိလေသာလို့ခေါ်သည်. . . (တင်ပါ့)၊ ဒကာဒကာမတွေ ရိပ်မိ ပလား. . . (ရိပ်မိပါပြီဘုရား)

အဲ့ဒါကြောင့် ခင်ဗျားတို့အတွက် ဘယ်မှာသာလျှင် ဆရာဘုန်းကြီးက မတိုက်တွန်းပဲနဲ့ နေလို့တော်ပါ့မတုံး. . . (မတော်ပါဘူးဘုရား)။

ဒကာစိန်တို့ ဝမ်းထဲမှာငရဲကြီးရှစ်ထပ်. . . (မှန်ပ့ါ)၊ ငရဲငယ်တစ်ရာ့နှစ်ဆယ် မျိုးစေ့တွေကရှိနေတယ်. . . (ရှိပါတယ်ဘုရား)။

ဒါတွေရှိသ၍ကာလပတ်လုံး ခင်ဗျားတို့ ဘယ်တော့မှ အပူဇာတ်သိမ်း ငြိမ်းလိမ့်မယ်ဆိုတာ မအောက်မေ့လိုက်ပါနဲ့. . . (မှန်ပ့ါဘုရား)၊ ဟုတ်ပြီလား. . . (မှန်ပ့ါ)။

အပူဇာတ်သိမ်း ငြိမ်းနိုင်တာကဖြင့် ဒကာဒကာမတို့ မှတ်လိုက်ပါတော့၊ ငြိမ်းအေးတာနဲ့ ခုနက ငြိမ်းတာမြင်ပြီး သကာလ ရေအိုးတစ်ထောင်နဲ့လောင်းသလို အေးတဲ့ခန္ဓာကြီးကို တစ်ခါဖြစ်ပါမှ. . . (တင်ပ့ါဘုရား) စိတ်ချရမယ်. . . (မှန်ပ့ါဘုရား)။

ဒါဖြင့်အမြင်ငြိမ်းနဲ့အနေ အေးရမှာပဲ. . . (တင်ပ့ါဘုရား)၊ ငရဲကြီးရှစ်ထပ်နဲ့ ငရဲငယ်တစ်ရာ့နှစ်ဆယ် ပျောက်ပေတော့. . . (မှန်ပ့ါဘုရား)။

မဟုတ်လို့ရှိရင်ဖြင့် ဘယ်သွားသွား သူတို့က ဒီမျိုးစေ့တွေက. . . (မှန်လှပါ)၊ အောင်ပြီးသား ဒကာဒကာမတို့. . . (မှန်ပ့ါဘုရား)၊ မိုးရေစောင့်နေတယ်. . . (တင်ပ့ါ)၊ ဥတုရာသီစောင့်နေတယ်. . . (မှန်လှပါဘုရား)။

ဘာကြောင့်တုံးဆိုလို့ရှိရင်ဖြင့် မသေသေးလို့ပေ့ါဗျာ. . . (မှန်ပ့ါ)၊ သေရင် သူတို့ကပို့လိုက်မယ်. . . (တင်ပါ

ဘုရား)၊ ဆိုတော့ အသေစောင့်နေကျတာနဲ့ မတူဘူးလား . . . (တူပါတယ်ဘုရား)။

အဲ့တော့ ဒကာဒကာမတွေက သေမှပဲရောက်ရတော့မှာပဲ၊ မှားယွင်းခြင်းမက မှားခဲ့လေခြင်းဆိုတော့ လူမိုက်နောက်မှအကြံရ. . . (မှန်ပါ့ဘုရား)။

ဒကာစိန် ဘာအသုံးကျတုံး. . . (အသုံးမကျတော့ပါဘူးဘုရား)၊ ဒကာစိန်တို့လည်း စိတ်တိုတယ်ဆိုရင်ဖြင့် အဲ့ဒီကျမှ ငြီးရင် ဆဲတောင်ဆဲလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

မဆဲပေဘူးလား. . . (ဆဲမှာပါဘုရား)၊ အဲ= လုပ်ပါလုပ်ပါဆိုတုံးက လုပ်တာမဟုတ်ဘူး၊ ခုမှ အော်နေ. . . (ဟုတ်ပါတယ်ဘုရား)၊ အဲ့တော့ ဒကာစိန် ဒီလိုမပြောပေဘူးလား . . . (ပြောမှာပါဘုရား)။

အဲ့ ဒီမှာလဲ ဒကာစိန်တို့အတွက်ကို ပြောရလိမ့်မယ် (တင်ပါ့) လုပ်ပါလုပ်ပါဆိုတုံးက မလုပ်ဘူး သေခါနီးကျမှ အဖေကယ်ပါ အမေကယ်ပါ၊ ချွေးနက်ကြီးလာဆွဲတယ်ဆိုတော့ ကောင်းသေးရဲ့လား . . . (မကောင်းပါဘုရား)။

(မသေသေးဘူးဘုရား ကြိုးစားပြီးရှက်ဆောင်ပါတယ် တပည့်တော်)

မသေရင်တော့ မနေနဲ့ မနေနဲ့ ဒကာစိန်ရ. . . (မှန်ပါ့)၊ သူများထက်အရေးကြီးတယ်ဆိုတာ ဘုန်းကြီးက ဒကာစိန်ပြောတယ်. . .(မှန်ပါ့)။

သူများထက်အရေးကြီးတယ် ဒီထဲ ကိုထွန်းအောင်တို့ ဦးလှဘူးတို့ ရှိတယ် (တင်ပါ့)၊ ကြီးပါတယ် ဟိုလူတွေလည်း . . . (မှန်ပါ့)။

သို့သော် ဒကာစိန် ပိုအရေးကြီးတယ်. . . (ဟုတ်ပါတယ်ဘုရား)၊ ဘာကြောင့်တုံး တစ်ခါတည်း ပထမလူကိုး . . . (တင်ပါ့)၊ ဟိုလူတွေက ကြားလည်း ထမယ် ဆိုရင် ထ,ချင်ထ,အုံးမယ်. . . (မှန်လှပါဘုရား)။

ပြီးတော့ ကြားတော့ကို မခံတော့ဘူး. . . (မခံနိုင်ပါဘူးဘုရား)၊ ဒီလိုကွာမနေဘူးလား. . . (ကွာနေပါတယ်ဘုရား)။

အဲ့တော့ ပိုရလိမ့်မယ်. . . (မှန်ပါဘုရား)၊ ပြီးတော့ လူကလည်း အထည်ကြီး ဒကာစိန်ရ. . . (မှန်ပါ့ဘုရား)၊ အထည်ကြီးလဲတာနဲ့ အထည်သေးလဲတာ ဘယ်ဟာက နာတုံး. . . (အထည်ကြီးလဲတာက ပိုနာပါတယ်ဘုရား)။

ဒါဖြင့် အထည်ကြီးလဲတော့ မလဲချင်ပါနဲ့ဗျာ. . . (မှန်လှပါဘုံရား)၊ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)၊ အေး- ဒါကြောင့် ဒကာဒကာမတို့ အေးတယ်ဆိုတဲ့ သဘောလေးက ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အမြင်က ငြိမ်းနော်. . . (ငြိမ်းပါတယ်ဘုရား)၊ အနေက . . . (အေးပါတယ်ဘုရား)၊ အဲ့ဒါ ဘာဒိဋ္ဌိတဲ့ . . . (မဂ္ဂ

သမ္မာဒိဋ္ဌိပါဘုရား)၊ မဂ္ဂသမ္မာဒိဋ္ဌိဟုတ်ပြီ၊ မဂ္ဂသမ္မာဒိဋ္ဌိက ဒီအဓိပ္ပာယ်ရတယ်. . . (တင်ပါ့)။

## ဘယ်နှယ့်ကြောင့်အမြင်ငြိမ်းပါလိမ့်

ဘယ်နှယ့်ကြောင့် အမြင်ငြိမ်းပါလိမ့်မလဲဆိုတော့ ဒုက္ခတွေ မရှိလို့ (တင်ပါ့)၊ ဒါကြောင့် အမြင်ငြိမ်းတာ (တင်ပါ့ဘုရား)၊ ဟုတ်လား (တင်ပါ့)၊ အနေဘယ်နှယ့်ကြောင့် အေးပါလိမ့်မတုံးလို့ မေးလိုက်တော့ ငရဲတွေ ငရဲမျိုးစေ့တွေ ကုန်လို့ . . . (တင်ပါ့ဘုရား)။

တယ်လဲအဖိုးတန်ပါလား. . . (တန်ပါတယ်ဘုရား)၊ အမြင်ငြိမ်းတာက ဘာဖြစ်လို့လဲ. . . (ဒုက္ခမရှိလို့ပါဘုရား)၊ ဒုက္ခမရှိလို့ သဘောကျပလား. . . (ကျပါပြီဘုရား)။

အနေအေးတာက ဘာတဲ့. . . (ငရဲမျိုးစေ့တွေ ပြောင်ထွက်သွားလို့ပါဘုရား)၊ ငရဲမျိုးစေ့တွေ ပြောင်ထွက်သွားလို့. . . (တင်ပါ့) ဆိုတော့ အဲ- အမြင်လည်း ကောင်းသေးရဲ့၊ အနေလည်းကောင်းသေးရဲ့ ဆိုတော့ မြင်ရတာလည်း ကောင်း၊ နေရတာလည်းကောင်း၊ ဒီအကောင်းနှစ်ကောင်းမှ ခင်ဗျားတို့မကြိုက်ဘူးဆိုရင် အဆိုးကြိုက်လို့ပဲ ဝေဖန်ရတော့မှာပဲ. . . (မှန်လှပါဘုရား)။

မဝေဖန်သင့်ဘူးလား. . . (ဝေဖန်သင့်ပါတယ်ဘုရား)။

သားရေး၊ သမီးရေး၊ စီးပွားရေးတွေကို ပျာယာခတ်နေတဲ့ ဒကာဒကာမတွေကျတော့ အင်း- အမြင်လည်းကောင်းရဲ့လား. . . (မကောင်းပါဘူးဘုရား) အနေလည်းကော. . . (မကောင်းပါဘူးဘုရား)။

## အရိယာအမြင်နဲ့ကြည့်လိုက်ရင်

အနေလည်းမအေးဘူးနော် . . . (မအေးပါဘူးဘုရား)၊ အဲ-အမြင်လည်းမကောင်း အနေလည်းမအေး . . . (တင်ပါ့)၊ အဲဒါတွေမြင်ရတဲ့ အခါကျတော့ ဒကာစိန်အရိယာလောင်းတွေက . . . (မှန်လှပါ)၊ အဲ သူတို့ခက်လိုက်တာ ကျုပ်တို့ကအရိယာတွေက မြင်ကြည့်လိုက်တဲ့အခါကျတော့ ခွေးသေပုပ် လင်းတစားနေတာ မြင်သလို မြင်မှာ . . . (မှန်ပါ့ဘုရား)။

မြင်ပေဘူးလား . . . (မြင်ပါတယ်ဘုရား)၊ အဲ . . . သူတို့မြင်ရတဲ့ ခွေးသေပုပ်ကလည်း အရုပ်ဆိုးလိုက်တာ ပုပ်လို့ရွလို့. . . (မှန်ပါ့)၊ ဟုတ်လား. . . (တင်ပါ့)၊ သူတို့စားနေတဲ့ အစာအာဟာရတွေကလည်း တကယ်ပုပ်စော်နံပြီး သကာလဘာမှသြဇာဓာတ်တွေ အကုန်ပျက်ပြီးသကာလ နေတာတွေ အပုစာတွေ စားနေတာ . . . (မှန်ပါ့ဘုရား) ဟုတ်ပလား . . . (တင်ပါ့ဘုရား)။

အမြင်လည်းမကောင်း . . . (မကောင်းပါဘူးဘုရား) ဝမ်းထဲရောက်တော့လည်းပူ . . . (တင်ပါ့)၊ ဒီလိုမနေဘူးလား . . . (နေပါတယ်ဘုရား)၊ ဒကာ ဒကာမတွေ အခုရောင်းဝယ် ဖောက်ကား စားနေတာလည်း ကြည့်ပါလားဗျာ အမြင်က ကော ကောင်းရဲ့လား . . . (မကောင်းပါဘူးဘုရား)။

အမြင်ကလည်းမကောင်းဘူး . . . ဝမ်းထဲရောက်ပြန် တော့လည်း ဟိုဟာတွေစား ဒီဟာတွေစားနဲ့ ပူပူလောင် လောင်ပဲ စားရတာ . . . (တင်ပါ့)။

ပူပူလောင်လောင်စားရတယ်ဆိုတော့ လောဘမီး၊ ဒေါသမီးနဲ့ စားလိုက်တော့ ပူပူလောင်လောင်ပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

နောက်ကျတော့ အပါယ်ကျအောင်ပဲ ဒီ ပူလောင်တဲ့ အစာတွေကဆက်လက်မသွားနိုင်ဘူးလား . . . (သွားရမှ ာပါဘုရား)၊ ဒကာစိန် သိပ်ကြောက်စရာ ကောင်းပါလား . . . (တင်ပါ့ဘုရား)။

သိပ်ကြောက်စရာကောင်းတယ် ဒကာ ဒကာမတွေ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## အမြင်ငြိမ်းနဲ့ အနေအေးမှတ်တိုင် ရောက်အောင် ကြိုးစား

ဒါကြောင့် ဒကာ ဒကာမတို့ ဘုန်းကြီးအလိုရှိတာရော ဘုရားအလိုရှိတာရော ယနေ့ဘွင်းဘွင်းရှင်းရှင်း ပြောရလို့ရှိရင်ဖြင့် . . . (တင်ပါ့) အမြင်ငြိမ်းနဲ့ အနေအေးရောက်အောင်ကြိုးစား . . . (ကောင်းလှပါဘုရား)။

ဘာတဲ့တုံး . . . (အမြင်ငြိမ်းနဲ့ အနေအေးရအောင် ကြိုးစားရမှာပါဘုရား) အဲ ရောက်အောင်ကြိုးစား အဲ့ဒီမှတ်တိုင် ရောက်အောင်ကြိုးစားပါ . . . (တင်ပါ့)။

ဘယ်လောက်အရေးကြီးတုံး . . . (ကြီးပါတယ်ဘုရား)၊ အဲ - ဒါဖြင့်နီးပြီဟ ဆိုတာ သွားပြီးမှသာလျှင် ရောက်နိုင်တယ် . . . (မှန်လှပါဘုရား)။

နီးပြီဆိုတာက ဝိပဿနာက . . . (တင်ပါ့) ဟုတ်လား . . . (တင်ပါ့)၊ ဝိပဿနာဉာဏ်က ဖြစ်ပျက်တွေမြင်မှသာလျှင် နီးလာတယ် . . . (တင်ပါ့) ဟုတ်လား . . . (တင်ပါ့)။

မဂ်ဉာဏ်က အမြင်ငြိမ်းပြီးသကာလ အနေအေးတာကိုဆိုတော့ ရောက်ပြီ . . . (ရောက်ပါပြီဘုရား) ဒါဖြင့် ဒကာဒကာမတို့ နီးပြီဟ- ဆိုတာကတစ်ချက် (တင်ပါ့)၊ ရောက်ပြီကွ- ဆိုတာက . . . (တစ်ချက်ပါဘုရား)။

အဲ့ဒီ နှစ်ချက်ဟာဖြင့် ဒကာစိန်လုပ်သော ပုဂ္ဂိုလ်တို့ အတွက်မှာဖြင့် အထူးတလည် အရေးကြီးတယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒါ ဘာပဲရှုရှု . . . (မှန်ပ့ါ)၊ လက္ခဏာရေးသုံးပါး ထဲကတစ်ပါးပါးမြင်လို့ရှိရင်ဖြင့် နီးပြီဟ . . . (တင်ပ့ါဘုရား) . . . သဘောကျပလား . . . (ကျပါပြီဘုရား)။

ခုနက ပြောခဲ့တဲ့ အမြင်ကငြိမ်း၊ အနေက အေးသွားရင်တော့. . . (ရောက်ပါပြီဘုရား)၊ ရောက်ပြီဟေ့. . မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲ့- ဒါကြောင့် နိဗ္ဗာန်မြင်ပြီဆိုတာလည်း ဒုက္ခငြိမ်းတာ မြင်တာ. . . (မှန်လှပါဘုရား)၊ ဟုတ်လား. . . (တင်ပ့ါ)။

ခုမှပဲအေးပေတော့တယ်ဆိုတာလည်း ဘယ်မီးသေလို့. . . (တင်ပ့ါဘုရား)၊ ငရဲမျိုးစေ့တွေသေလို့. . . (မှန်ပါ)။

အဲတော့ ဒကာဒကာမတွေဝမ်းထဲမှာ ငရဲမျိုးစေ့ပေါင်း ဘယ်လောက်ရှိသတုံးဆိုတော့ ငရဲကြီးရှစ်ထပ်၏ မျိုးစေ့. . . (တင်ပ့ါ)၊ ငရဲငယ်တစ်ရာ့နှစ်ဆယ်၏. . . (မျိုးစေ့ပါဘုရား)။

အဲ့ဒါတွေငြိမ်းမှအေးတာ လာတာကိုးဗျ. . . (တင်ပ့ါဘုရား)၊ အဲ့တော့ မဂ်ရေစင်ဖျန်းသဖြင့် အေးချမ်းတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

## မင်္ဂလာတစ်ကြိမ်ကျရင်

အေး- ဒါကြောင့် မင်္ဂလာဆိုတာ တစ်ကြိမ်ကျလိုက်တာနဲ့. . . (မှန်ပါ)၊ တစ်ခါတည်းငရဲကြီးရှစ်ထပ် အပူခါတ်. . . (မှန်လှပါ)၊ ငရဲငယ်တစ်ရာ့နှစ်ဆယ်အပူတွေ အကုန်ငြိမ်းသွားတယ်. . . (တင်ပါ့ဘုရား)။

တယ်လဲ တန်ခိုးကြီးပါလား. . . (ကြီးပါတယ်ဘုရား)၊ အေး- တယ်လဲတန်ခိုးကြီးတယ်၊ အဲ့ဒီတန်ခိုးကြီးတဲ့ဆီ ရောက်အောင်. . . (တင်ပါ့) ခင်ဗျားတို့ ခု တစ်ချို့လည်း ရောက်ခါနီးတွေပဲ. . . (မှန်လှပါဘုရား)။

အဲ ကြိုးစားပြီးသကာလ ဒကာစိန်ရေ သွားလိုက်မယ်ဆိုရင်ဖြင့် အင်း- ရောက်တော့မှာပဲဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

အေး- ဒါဖြင့် ဘာမှရွေးမနေနဲ့ ရောက်အောင်သွားကြဆိုတဲ့အဓိပ္ပာယ်ပြောရ. . . (ရောက်အောင်ကြိုးစားသွားပါမယ်ဘုရား)။

အဲ့တော့ ဝတ္ထုတစ်ပုဒ် ဘုန်းကြီးထုတ်ပြပါ့မယ်. . . (မှန်ပါ့)၊ ဒကာဒကာမတွေ သေချာသထက် သေချာအောင်နော်. . . (တင်ပါ့)။

**ဂနမောဂ္ဂလာဏပုဏ္ဏား**

ဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော့ ဂနမောဂ္ဂလာဏ. . . (တင်ပ့ါ)၊ ဂနမောဂ္ဂလာဏ ဆိုတဲ့ ပုဏ္ဏားက ဘုရားနဲ့ လျှောက်ပြီးသကာလ အလ္လာပ သလ္လာပ စကားတွေပြော . . . (တင်ပ့ါဘုရား)။

ပြောပြီး တစ်ခါတည်းနဲ့ ရှင်ကြီးဂေါတမတဲ့ တပည့်တော်တို့ဟာ ပုဏ္ဏားဆရာတွေပါပဲ. . . (မှန်ပ့ါ)၊ ဂဏန်းတွေ သင်ပေးပါတယ် တဲ့၊ အတွက်အချက်တွေ. . . (တင်ပ့ါ)။

တပည့်တော်တို့ တစ်ကိုနားလည်လို့ရှိရင် နှစ်ကို သင်ပေးတယ်. . . (မှန်ပ့ါ)၊ နှစ်ကိုသင်ပေးလို့ရှိရင် သုံး၊ တစ်ဆယ်၊ တစ်ရာကျအောင် တစ်ထောင်ကျအောင် သင်ပေးလိုက်တာ . . . (မှန်ပ့ါ)။

ပြီးတော့မှတစ်ခါ အပေါင်း၊ အနုတ် သင်တယ်. . . (မှန်ပ့ါ)၊ သူ့အစဉ်နဲ့ပေ့ါဗျာ. . . (တင်ပ့ါဘုရား)၊ ပထမဂဏန်းအရေအတွက်သာသင်တယ်၊ ပြီးတော့ အပေါင်းအနုတ်သင်တယ်၊ ပြီးတော့ အမြှောက်အစားသင့်တယ်. . . (တင်ပ့ါ)။

ပြီးတော့မှ ပုစ္ဆာတွေထုတ်ပြပြီး အမျိုးမျိုးဉာဏ်စမ်းတယ်. . . (မှန်ပ့ါ)၊ တပည့်တော်တို့ ပုဏ္ဏားတွေမှာ ဒီလိုပဲ ဂဏန်းဆရာတွေဖြစ်နေတော့ အစဉ်နဲ့သင်တယ်၊ ရှင်ကြီး

ဂေါတမတို့ နိဗ္ဗာန်သွားတဲ့လမ်းကော အစဉ်များရှိရဲ့လား. . . (တင်ပါ့ဘုရား)။

## နိဗ္ဗာန်သွားတဲ့လမ်းစဉ်

သူကမေးတာ. . . (တင်ပါ့)၊ မေးပုံလည်း အချိုးကျပဲ . . . (ကျပါတယ်ဘုရား)၊ ဂနမောဂ္ဂလာဏက အစဉ်များရှိရဲ့လားလို့ဆိုတော့. . . (တင်ပါ့)၊ ဟာ ဂနမောဂ္ဂလာဏရဲ့ ရှိတာပေါ့ကွာ. . . (တင်ပါ့)။

ရှိတာပေါ့ကွ. . . (တင်ပါ့)၊ ငါ၏တပည့်သားတွေ တစ်ခါတည်းရောက်လာလို့ရှိရင်ဖြင့်တဲ့ လောကီဥပမာ ငါပြမယ်၊ မြင်းကောင်းရောက်လာတယ်ဆိုလို့ရှိရင် ဇက်ခုန်တာအရင်သင်ရတယ်ကွ. . . (တင်ပါ့ဘုရား)။

ပြီးတော့မှ သွားလာမှုတွေကို တစ်ခါ ခြေကျလက်ကျတွေ တစ်ခါ ပိုမိုပြီးသကာလ ထူးခြားအောင် နေတတ်ထိုင်တတ်ရှိအောင် လုပ်အောင်. . . (တင်ပါ့)၊ သင်ပေးရတယ်ကွတဲ့။

ဒီမှာလည်း ငါ၏တပည့်သားတွေ ငါ ဒီအစဉ်တိုင်းတို့မှာ အစီအစဉ်ရှိတယ်ကွ- တဲ့ (တင်ပါ့)။

## ရှေးဦးစွာ သီလသင်ပေးတယ်

ပထမ ရှေးဦးစွာ ငါသည် သီလ သင်ပေးလိုက်တယ် ကွ. . . (တင်ပါ့ဘုရား) ဒါကြောင့် ဒကာဒကာမတို့ သီလလည်း လုံခြုံအောင်လုပ်ကြ. . . (မှန်ပါ့ဘုရား) ဘုရားက သီလဟာ တစ်နံပါတ် အစီအစဉ်ပဲ. . (တင်ပါ့ဘုရား)။

ရှင်းပလား. . . (ရှင်းပါပြီဘုရား)

သီလ သင်ပြီးတဲ့အခါကျလို့ရှိရင် ငါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ သီလမှာလည်း ပါတိမောက္ခသံဝရ သီလဆိုတာ ငါးပါးသီလ. . . (တင်ပါ့)

ဣန္ဒြိယ သံဝရ သီလဆိုတာ မျက်စိနောက်ကနေပြီး မြင်တိုင်း မြင်တိုင်း လောဘ လာလိမ့်မယ်. . . (မှန်ပါ့ဘုရား)

လာတိုင်း လာတိုင်း ဒကာဒကာမတို့ မြင်တဲ့ ဉပေက္ခာကို ရှုချင်ရှု. . . (တင်ပါ့) လောဘလေး လာကာမှ လောဘကလေးကိုမှ ဖြစ်ပျက် ရှုချင်ရှု (တင်ပါ့)၊ ဟုတ်လား . . . (တင်ပါ့ဘုရား)။

အဲဒီလို ကာယ ဣန္ဒြေကော မလုံသွားဘူးလား. . . (လုံပါတယ်ဘုရား)၊ အဲဒီကဲ့သို့ ပါတိမောက္ခသံဝရ သီလ၊ ပြီးတော့ ဣန္ဒြိယ သံဝရ သီလတဲ့. . . (တင်ပါ့)။

ပြီးတော့ ငါ ဆက်သင်လိုက်သေးတယ် အစား အသောက် လျှော့စားပော့ (မှန်ပါ့) စားတဲ့အခါကျလို့ရှိရင်

လည်း စားပြီးဖြစ်ပျက်ကလေးနဲ့ စားတဲ့လျှာပေါ်မှာ ပေါ်တာကလေးကလည်း ဖြစ်ပြီးပျက်တာပဲလို့ အဲဒါတွေလည်း ငါသင်ပေးတယ်ကွ. . . (မှန်ပါ့)

သဘောကျပလား. . . (ကျပါပြီဘုရား)

အဲတော့ အမှတ်စဉ်ကြည့်လိုက် အိပ်ရင်းလည်း ငါသင်ပေးတယ်ဟေ့. . . (တင်ပါ့ဘုရား)။

## ညဉ့်သုံးယံတစ်ယံသာအိပ်ရတယ်

အိပ်ရင်းလည်း ငါသင်ပေးတာ ညဉ့်သုံးယံမှာ ပထမယံမှာ စင်္ကြံနဲ့ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ အလုပ် လုပ်ပါ (မှန်ပါ့)။

ဒုတိယယံကျတော့ အိပ်ပါတဲ့ ခတ်စောင်းစောင်း . . (မှန်ပါ့)။

တတိယယံကျတော့ ထပြီးသကာလ စင်္ကြံနဲ့ဖြစ် စေ ထိုင်လျက်ဖြစ်စေ အလုပ်လုပ်ပါလို့ ငါသင်ထားတယ်ကွ တဲ့ (မှန်ပါ့)၊ တို့ အစီအစဉ်ပါတယ်. . . (တင်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

နောက်ကျတော့ဟေ့ မနက်မိုးလင်းလာတဲ့အခါကျတော့ တစ်ခါအသွားသင်ရသေးတယ်ဟေ့တဲ့. . . (မှန်ပါ့)

ရှေ့တက် တက်မှန်းသိရမယ်ကွ. . . (မှန်ပ့ါဘုရား) နောက်ဆုတ်ရင်. . . (ဆုတ်မှန်းသိရမှာပါဘုရား)။

## ဒီအစီအစဉ်အတိုင်းလုပ်ဖို့ဘုရားကဟောတယ်

အဲ့ဒါတွေ လမ်းသွားကစပြီး နိုးလာတဲ့အခါ ထိုင် ထိုင်ပြီးသည့် အခြားမဲ့၌ မနက်မိုးလင်းလို့ သွားတော့ လာတော့မယ်ဆိုတာတောင်မှ. . . (မှန်ပ့ါ) ငါက သင်ရ သေးတယ်ကွ အစီအစဉ်ကရှိတယ်. . . (တင်ပ့ါဘုရား)။

ဒကာဒကာမတွေ ဒီအစီအစဉ်အတိုင်း သွားရမှာပေ့ါ ဗျာ. . . (မှန်ပ့ါဘုရား) ရိုပ်မိကျပလား. . . (တင်ပ့ါဘုရား)။

အေး ဒီအစီအစဉ်တိုင်း သွားကြပါလို့ ဘုရားက ဟောတယ် (တင်ပ့ါ) ပြီးတော့ ဘာသင်သေးတုံးဘုရားတဲ့ အို ပြီးတော့လာတဲ့အခါကျတော့ကွာတဲ့ သင်တာတွေ ကတော့ ဘာနည်းမလဲကွတဲ့. . . (မှန်ပ့ါ)။

## ဝိပဿနာရှုနည်းသင်တယ်

ဟုတ်လား. . . (တင်ပ့ါဘုရား) တစ်ခုသော ဝေဒနာ ပေါ်လာတယ်ကွတဲ့ တစ်ခုသော ဝေဒနာပေါ်လာလို့ ရှိရင် ဖြင့်တဲ့ အနိစ္စ ရှုလိုက်တာပေ့ါ. . . (တင်ပ့ါ) အနိစ္စ နုပဿီ (တင်ပ့ါဘုရား)။

အနိစ္စတွေ ရှုပေး ဘယ်ဝေဒနာပေါ်လာလာ ဒကာ
စိန်ရေ ဘယ်လိုလုပ်ရမတုံး. . . (အနိစ္စ ရှုရမှာပါဘုရား)။

အနိစ္စရှုလိုက်တဲ့အခါကျတော့ သူက အနိစ္စ
နောက်က ရှုတာက အနိစ္စဉာဏ်. . . (အနိစ္စဉာဏ်ပါဘုရား)
အဲ့ဒီအနိစ္စဉာဏ်လာကတည်းကိုကကွာတဲ့ ဝိရာဂနုပဿီတဲ့
တဏှာ မလာဘူးဟေ့. . . (မှန်ပါ့ဘုရား)။

ဟုတ်လား. . . (တင်ပါ့) တဏှာ မလာဘူးတဲ့. . .
တဏှာမလာတော့ သမုဒယသစ္စာ ချုပ်မသွားဘူးလား. . .
(ချုပ်ပါတယ်ဘုရား)။

အဲ့ဒါကြောင့် ဝေဒနာသေလည်းအနိစ္စ၊ ရုပ်သေ
လည်း အနိစ္စကိုလည်း ဒကာဒကာမတွေက ရှုလိုက်ပြီဆိုမှ
ဖြင့်. . . (မှန်ပါ့) အနိစ္စက အနိစ္စ ရှုလိုက်တာက ဝိပဿနာ
ဉာဏ်. . . (တင်ပါ့ဘုရား) ဒီလိုမနေဘူးလား (နေပါတယ်
ဘုရား)။

အဲဒီတင် တဏှာက ချုပ်နေတယ်ကွ (တင်ပါ့)
တဏှာက ချုပ်နေတော့ သူသည် ခဏ နိရောဓ နိဗ္ဗာန်တော့
ရနေပြီကွ (တင်ပါ့ဘုရား)။

ခုနက မဂ္ဂသမ္မာဒိဋ္ဌိသာ မဖြစ်သေးတာ. . . (တင်ပါ့
ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီလို ငါက အစီအစဉ်လိုက် သင်ထားတာပါကွာ တဲ့ အစီအစဉ်အကုန် ပါပါတယ်တဲ့. . . (တင်ပ့ါ)။

သီလရယ်ကွာတဲ့. . . (မှန်ပ့ါ) နောက်ကျတော့ ဣန္ဒြေလုံခြုံမှုရယ်ကွာတဲ့. . . (မှန်ပ့ါ) နောက်ကျတော့ သွားနည်း လာနည်းရယ်ကွာတဲ့ (တင်ပ့ါ) အိပ်နည်း စားနည်းပေ့ါဗျာ. . . (မှန်ပ့ါ)။

အဝတ်အထည်ဝတ်နည်း. . . (တင်ပ့ါ)

အဝတ်အထည်ဝတ်တာတောင်မှ ဝတ်ချင်တဲ့ နာမ်သည် (မှန်ပ့ါ) ဖြစ်ပျက်ပေ့ါဗျာ. . . (မှန်ပ့ါ)။

ဝတ်တဲ့ ရုပ်ကကော. . . (ဖြစ်ပျက်ပါပဲဘုရား) အကုန်သင်လိုက်ပါတယ်ကွာတဲ့ ငါမသင်တာ ဘာမှ မရှိဘူး (မှန်ပ့ါ)။

ဒါနဲ့ ပုဏ္ဏားကတက်ပြီးလာပြန်တယ် (တင်ပ့ါ) ဒါဖြင့် ရှင်ကြီးဂေါတမ - အရှင်ဘုရားတို့နည်းဟာဖြင့် အစီအစဉ် လည်း ကောင်းပါပေဘုရား (တင်ပ့ါ)။

## နိဗ္ဗာန်ကိုတပည့်တိုင်းရောက်ကြရဲ့လား

သို့သော် အရှင်ဘုရား တပည့်တွေက မနည်းလှဘူး (မှန်ပ့ါ) တပည့်တွေက မနည်းလှတော့ အရှင်ဘုရားသည် ဒီတပည့်တွေ ဒီနည်းအတိုင်းသင်လို့ရှိရင်ဖြင့် ဒီအမြဲရှိနေတဲ့ နိဗ္ဗာန်ကြီးဟာ ရောက်ရမယ်ဘုရားတဲ့ (တင်ပ့ါ)။

သို့. . . တပည့်တိုင်း ရောက်ကဲ့လားတဲ့. . . (တင်ပ့ါ) သူကမေးလာတယ်. . . (တင်ပ့ါ) ကယ်ကွာတဲ့ တပည့်တိုင်း ရောက်ကဲ့လားလို့ မင်းက ဂနမောဂ္ဂလာဏ ပုဏ္ဏားက မေးလို့ရှိရင် ငါက ပြောရတာပေ့ါကွာတဲ့ (တင်ပ့ါ)။

လူတစ်ယောက်ကလည်း သာဝတ္ထိပြည် မေးတယ်ကွတဲ့. . . (တင်ပ့ါ) ဘယ်လမ်းက သွားရတုံးလို့မေးတယ်. . . (တင်ပ့ါ)။

သာဝတ္ထိပြည် ရောက်ဖူးတဲ့ ပုဂ္ဂိုလ်က ဆရာကြီး ဒီလမ်းကသွား ဒီနားရောက်ရင် ဒီရွာကြီးတွေ့လိမ့်မယ် ဒီရွာ တွေ့လို့ရှိရင် ဟော့ဒီကရှေ့သွား အရှေ့သွားရင် နိဂုံးတစ်ခု တွေ့လိမ့်မယ်. . . (မှန်ပ့ါ)။

အဲ့ဒီနိဂုံးကနေ အရှေ့သွား ဈေးလေးတစ်ခု တွေ့ လိမ့်မယ် (တင်ပ့ါ) အဲဒီကနေ ရှေ့သွားရင်ဖြင့် ရေအိုင်ကြီး တစ်ခု ကြာပင်တွေနဲ့ တွေ့လိမ့်မယ်. . . (တင်ပ့ါ)။

အဲဒီကနေ ရှေ့သွားရင် သာဝတ္ထိပြည်လို့ပြောတဲ့ ပုဂ္ဂိုလ်ဟာ အမှန်ပြောလိုက်ပေမဲ့ သူက နောက်ဆုတ်သွား နေလို့ရှိရင်လည်း သာဝတ္ထိပြည်ရောက်ပ့ါမလားဗျာ. . . (မရောက်နိုင်ပါဘူးဘုရား)။

ဒါဖြင့် အမှန်ပြောတဲ့အတိုင်း ခုနက သီလကနေပြီ သကာလ ခုနက ဝိပဿနာတို့ သမထတို့တက်ပြီး သကာလ

သွားရင်တော့ မရောက်ပေဘူးလား. . . (ရောက်မှာပါ ဘုရား)။

## ပြောတဲ့အတိုင်းသွားတဲ့ပုဂ္ဂိုလ်ရောက်တယ်

ရောက်သွားမှာပဲကွ အဲ့တော့ ပြောတဲ့အတိုင်းသွား တဲ့ ပုဂ္ဂိုလ်ကတော့ ရောက်တယ်ပေါ့တဲ့ ငါဘုရား တပည့် သားမြေးတွေမှာလည်း. . . (မှန်ပါ့)။

ပြောတဲ့အတိုင်းမသွားတဲ့ပုဂ္ဂိုလ်က နောက်ဆုတ်နေ တော့ မရောက်ဖူးကွတဲ့. . . (မှန်ပါ့) အဲ့ဒီလို နှစ်မျိုးရှိတယ် (တင်ပါ့)။

ဒီတွင် ဘုန်းကြီးတို့ ဒကာဒကာမတွေက ဘယ်ထဲက ထည့်ရမှာတုံး. . . (တပည့်တော်တို့ သီလဘက်ကပဲ ထည့်လိုက်ပါတော့ဘုရား) သီလနဲ့မရဘူးတဲ့ အာဘော် အများကြီးလွဲသွားတယ်။

ဒကာဒကာမတို့ ခင်ဗျားတို့ ဒီလမ်းစဉ်အတိုင်း သွား ရဲ့လား မသွားဘူးလားသာမေးလိုက်. . . (သွားမှာပါဘုရား)

အေး. . . ဒါကြောင့် ဒီလမ်းစဉ်အတိုင်း သွားလို့ရှိရင် ဖြင့် ခင်ဗျားတို့. . . ရောက်မှာပဲ. . . (တင်ပါ့) ဟုတ်ပြီလား (တင်ပါ့ဘုရား)။

မနေ့ည ရထားခုနစ်စင်း ဟောတယ်မို့လား. . . (ဟောပါတယ်ဘုရား) အဲ့ဒီလမ်းစဉ်အတိုင်းသွားရင် ဒကာစိန် (ရောက်မှာပါဘုရား)။

ဒီလမ်းစဉ်အတိုင်းမသွားလို့ နောက်ဆုတ်နေရင်တော့. . . (မရောက်ပါဘူးဘုရား) သို့သော် ခင်ဗျားတို့ နောက်ဆုတ်တဲ့ အချက်ကလေးတွေလာတဲ့အခါ ဘုန်းကြီးက သိတယ်. . . (တင်ပါ့)။

## နောက်ဆုတ်နေရင်တော့မရောက်ဘူး

နောက်ဆုတ်တာက ဘာတုံးဆိုရင်ဖြင့် ကိစ္စလေး အရေးကြီးနေလို့ သားရေး၊ သမီးရေး၊ ဆွေရေး၊ မျိုးရေး. . . (တင်ပါ့) ဒီအချိန်ကျတဲ့အခါကျတော့ နေ့လည်က မောထားတာနဲ့ ဟုတ်လား. . . (တင်ပါ့)။

ညကျတဲ့အခါကျတော့ လုပ်ချင်တဲ့ ဝတ္တရားလေး တောင်မှ အေး ဝတ်မပျက်ရုံ လုပ်လိုက်အုံးမယ်ဆိုပြီးတော့ကို (မှန်ပါ့) ဒကာစိန် အနည်းငယ်လုပ်ပြီး အိပ်လိုက်ပြန်တယ်. . (တင်ပါ့)။

ဟုတ်ပလား. . . (တင်ပါ့) ထိုကဲ့သို့ အိပ်လိုက်တဲ့ အခါကျတော့ နေ့လည်ကလည်း မောပန်းထားတာနဲ့ ဟုတ်လား. . . (တင်ပါ့) မနက်စောစော ထ,ဖို့ရာ အလုပ် လည်း မထလိုက်နိုင်တော့ဘူး. . . (တင်ပါ့)။

ဒါတွေကျလာတဲ့အခါ ရှေ့တိုးတာလား. . . နောက်ဆုတ်တာလား. . . (နောက်ဆုတ်တာပါဘုရား) နောက်ဆုတ်တယ်တဲ့ ဘုရားက ညဥ့်သုံးယံကို ပထမယံမှာ အလုပ်လုပ် အလည်ယံမှာ အိပ်. . . (တင်ပါ့)။

ဟုတ်လား မနက်မိုးလင်းတဲ့အခါ ကပျာကယာထ,ပြီး ကြိုးစား (တင်ပါ့) မပြောဘူးလား. . . (ပြောပါတယ်ဘုရား)

အဲ့ဒီလိုမလုပ်တော့ဘူးဆိုတော့ ဒကာစိန် ဒီလမ်း အတိုင်း သွားတာလား နောက်ဆုတ်တာလား. . . (နောက်ဆုတ်တာပါဘုရား)။

အဲတော့ နောက်ဆုတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ သာဝတ္ထိပြည်ရောက်ပါ့မလား. . . (မရောက်နိုင်ပါဘူး ဘုရား)

အဲဒီလိုပဲကွတဲ့ ငါဘုရား၏ တပည့်သားတွေမှာ လည်း ပြထားတဲ့လမ်းအတိုင်း အမှန်သွားတဲ့ ပုဂ္ဂိုလ်ကတော့ ဖြင့် ရောက်ပါတယ်ကွာတဲ့ နိဗ္ဗာန်က ကောန်ရှိ တကယ်ရှိကိုး (မှန်ပါ့)။

ဟုတ်ပလား. . . (တင်ပါ့ဘုရား)။

ပြထားတဲ့အတိုင်း သူကမသွားဘူးကွ ကန့်လန့်၊ ကန့်လန့်လုပ်နေတော့ သူကနောက်ဆုတ်တယ်. . . (တင်ပါ့ ဘုရား)။

အဲဒီလိုပုဂ္ဂိုလ်တွေကျတော့လည်း ဒကာစိန် အမြဲရှိနေတဲ့ နိဗ္ဗာန်ကြီးရောက်ပါ့မလား. . . (မရောက်နိုင်ပါဘူးဘုရား)။

အဲဒီလိုပဲကွ ဂနမောဂ္ဂလာဏ ပုဏ္ဏားရတဲ့ အစီအစဉ်တော့ကောင်းတာပဲ. . . . (တင်ပါ့ဘုရား)။

ကောင်းပင်ကောင်းငြားသော်လည်း ဒီကပြထားတဲ့ သာဝတ္ထိပြည်ကို ဘယ်ဟာတွေ့လိမ့်မယ်၊ ဘာတွေ့လိမ့်မယ် ဘာတွေ့လိမ့်မယ်လို့ ခုနကမဂ်အစဉ်နဲ့ မပြောခဲ့ဘူးလား. . (ပြောခဲ့ပါတယ်ဘုရား)။

ပထမ ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်လိမ့်မယ်. . . (တင်ပါ့) နောက် မင်းတို့ဆက်သွား. . . (တင်ပါ့) မဂ္ဂသမ္မာဒိဋ္ဌိကျတော့ နိဗ္ဗာန်ဆိုတာကြီး မင်းတို့ ကိုယ်တိုင် မြင်ပြီးသကာလ ကိုယ်တိုင်အေးချမ်းတဲ့သဘော ရောက်လိမ့်မယ်. . . (တင်ပါ့)။

မပြောဘူးလား. . . (ပြောပါတယ်ဘုရား) သို့သော် ဒကာစိန်တို့က ပထမ မှတ်တိုင်ရောက်အောင်ပဲ တယ်မသွားချင်ဘူး. . . (တင်ပါ့ဘုရား) ဟုတ်လား. . . (တင်ပါ့ဘုရား)

အဲ့တော့ ဒုတိယမှတ်တိုင်ကို ဘယ်နှယ်လုပ်ပြီး သကာလ လှမ်းမလဲ . . . (မလှမ်းနိုင်ပါဘူးဘုရား)၊ မလှမ်းနိုင်တော့ ဒကာစိန်ရေ ဒါက လမ်းပြပြီးသကာလ ဘုရားက

ပေးပြောသော်လည်း၊ သူက ရှေ့သွားတာလား. . . နောက်ဆုတ်တာလား . . . (နောက်ဆုတ်တာပါဘုရား)။

အဲဒီကဲ့သို့ နောက်ဆုတ်တဲ့ တပည့်သားမြေးတွေလည်း ငါဘုရားရှိတာပဲကွတဲ့. . . (တင်ပ့ါဘုရား). လမ်းအတိုင်း သွားတဲ့တပည့်သားမြေးတွေလည်း. . . (ရှိပါတယ်ဘုရား)။

## သွားတဲ့ပုဂ္ဂိုလ်ပေါ်မှာအကုန်မှီနေတယ်

ဩော်-ဒါဖြင့် ဘုရားတဲ့ နိဗ္ဗာန်ရောက်မရောက်ဆိုတဲ့ ဥစ္စာက သွားတဲ့အပေါ်မှာပြတဲ့ ဆရာသမားပြတဲ့အတိုင်း သွားတဲ့ ပုဂ္ဂိုလ်၏အပေါ်မှာ အကုန်မှီနေတာကိုး. . . (တင်ပ့ါဘုရား)။

ပုဏ္ဏားက သဘောကျလာတယ်. . . (မှန်ပ့ါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ ဒါဖြင့် ဒကာဒကာမတို့ ပုဏ္ဏားမေးတဲ့အချက်လည်း သူကအကွက်ကျပဲ. . . (ကျပါတယ်ဘုရား)။

ဒီလမ်းက အင်မတန်မှန်တဲ့လမ်းပဲတဲ့ နိဗ္ဗာန်လည်း ရှိနေတာပဲတဲ့ (မှန်ပ့ါ) သို့သော် အရှင်ဘုရား၏ တပည့်သားမြေးတွေ အကုန်ပဲ ရောက်ကြသလား. . . (ဟုတ်ပါတယ်ဘုရား)။

အေး သာဝတ္ထိပြည် သွားသလိုပဲကွတဲ့ (တင်ပ့ါ) လမ်းပြက ငါကလမ်းပြကြီးနဲ့တူတော့ အမျိုးမျိုး အဖုံဖုံ ပြတာပဲကွတဲ့. . . (တင်ပ့ါ)။

ဒီနေရာ ရွာ ဒီနေရာ နိဂုံး ဒီနေရာကျရင် ဈေးက လေး ဒီနေရာကျရင် ဥယျာဉ် အဲ့ဒီဥယျာဉ်ကတစ်ဘက် ဟိုဘက် သာဝတ္ထိပြည်ရောက်ပြီလို့ပြောပြသော်လည်း. . . (တင်ပ့ါ) သူက အဲ့ဒီလမ်းအတိုင်း မသွားဘူးကွ နောက်ဆုတ် နေလို့ရှိရင် မရောက်ဘူး. . . (တင်ပ့ါ)။

ဒီမှာလည်း ငါဘုရားက ပထမရှေးဦးစွာ ဝိပဿနာ သမ္မာဒိဋ္ဌိကိုဟောလိုက်တယ်. . . (တင်ပ့ါ)။

အဲဒီအတိုင်း ခင်ဗျားတို့က ကြိုးစားရမှာပေါ့. . . (တင်ပ့ါဘုရား)။

အဲဒီကြိုးစားပြီးသကာလ ရပ်နေရမှာလား ရှေ့ဆက် ရမှာလား. . . (ရှေ့ဆက်ရမှာပါဘုရား)။

ရှေ့ဆက်တဲ့အခါကျတော့ ဒကာစိန်ရေ ဟုတ်လား (တင်ပ့ါ) အမြင်ငြိမ်းပြီး (မှန်ပ့ါ) အနေအေးဆိုတဲ့ မှတ်တိုင် ရောက်အောင် မသွားရပေဘူးလား. . . (သွားရမှာပါ ဘုရား)။

မသွားဘူး ဒကာဒကာမတွေ သားရေး၊ သမီးရေး၊ စီးပွားရေးက ရှုပ်ပြီးသကာလ လာတော့ ဒီနေ့တော့ဒါ

လောက် တော်လောက်ထင်ပါရဲ့ဆိုတော့ မနက်ဖြန်ကျတော့ သေရော. . . (တင်ပါ့)။

ရပါ့မလား. . . (မရနိုင်ပါဘုရား) မရနိုင်တော့ ဒကာစိန်ရေ ဒါက နောက်ဆုတ်လို့မရတာ. . . (တင်ပါ့ဘုရား)။

ဟိုမှာ ဧကေန်ရှိ တကယ်ရှိဆိုတော့ သာဝတ္ထိပြည်နဲ့ တူတဲ့ နိဗ္ဗာန်ကြီးက မရှိဘူးလား. . . (ရှိပါတယ်ဘုရား) သို့သော် သူ့အတွက် ဘယ်နှယ့်ကြောင့် မရတာပါလိမ့်. . . (နောက်ဆုတ်လို့ မရတာပါဘုရား)။

ရိပ်မိပလား. . (ရိပ်မိပါပြီဘုရား)။

## ဘဝသံသရာမှာလမ်းတောင်မတွေ့ဖူးဘူး

ဒါဖြင့် ဒကာဒကာမတို့ ဘဝသံသရာတုန်းကဖြင့် ဘယ်လိုများနေခဲ့ရတုံးလို့ မေးလို့ရှိရင်ဖြင့် လမ်းတောင် မတွေ့ဘူး. . . (တင်ပါ့ဘုရား) ရှေ့တိုးနောက်ဆုတ် အသာထားဦး (မှန်ပါ့ဘုရား)။

ဘဝသံသရာတုန်းက ရောက်ခဲ့တာမြင်တဲ့အရေးဟာ ရောက်ဖို့အရေးကိုဖြင့် ဒကာဒကာမတို့ ဘယ်နည်းနဲ့မှ မမြင်ဘူး. . . (မမြင်ရပါဘူးဘုရား) မြင်နိုင်ပါ့မလား. . . (မမြင်နိုင်ပါဘူးဘုရား)။

အခုတော့ဖြင့် မြင်တော့မြင်ပြီ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပထမရှေးဦးစွာ လက္ခဏာရေးသုံးပါး တစ်ပါးပါး မြင်ရင် ဝိပဿနာသမ္မာဒိဋ္ဌိလုပ်ရလိမ့်မယ်. . . (တင်ပါ့ ဘုရား)။

နောက်ကျလာတဲ့အခါ မဂ္ဂသမ္မာဒိဋ္ဌိဖြစ်အောင် တစ်ခါတည်းငြိမ်းအေးတာမြင် ဟုတ်လား. . . (တင်ပါ့) ငြိမ်းတာမြင်ပြီး အေးတာ ကိုယ်ပိုင်ရအောင် (တင်ပါ့ဘုရား) မလုပ်ရပေဘူးလား. . . (လုပ်ရမှာပါဘုရား)။

အဲဒီမှာ လုပ်ရမှာမှန်း သိလျက်သားနဲ့ ဒကာဒကာမတွေက အဲတော်တော်လေးလည်း တစ်စတစ်စ လုပ်ရမှာပဲလေ. . . (မှန်ပါ့) ဟုတ်လား (တင်ပါ့)။

တစ်နေ့တော့ဖြင့်ပျက်သွားပြီ မတတ်နိုင်ဘူး. . . (တင်ပါ့) သွားတဲ့ခြေထောက်ကို လျှော့လိုက်တာ. . . (တင်ပါ့ဘုရား)။

သွားတဲ့ခြေထောက်လျှော့လိုက်တဲ့အခါကျတော့ နက်ဖြန်ကျတော့ ပျင်းထုက တက်လာသေးတယ် (တင်ပါ့) ရိပ်မိပလား. . . (မှန်ပါ့ဘုရား)။

မနက်ဖြန်ကျတော့ ပျင်းထုက တက်လာတာ အလုပ်တွေက ဒီထက်ရှုပ်လာတယ်. . . (မှန်ပါ့)။

ညှိဝတ်ဆောင်ဝတ်တွေနဲ့ မအားမလပ်တဲ့ ရပ်ရေး ရွာရေးတွေကကော. . . (ရှုပ်လာပါတယ်ဘုရား) အဲဒီကျ လာတဲ့အခါ သန်ဘက် ရွှေ့လိုက်တယ်. . . (တင်ပ့ါ)။

နောက်ချည့်ဆုတ်နေတယ်. . . (မှန်ပ့ါ) သန်ဘက် ရွှေ့လိုက်၊ ဖင့်နွဲ့ရွှေ့လိုက်ဆိုတော့ ရှေ့တိုးတာလား နောက် ဆုတ်တာလား. . . (နောက်ဆုတ်တာပါဘုရား)။

ကြာတော့ နောက်ဆုတ်ရင်း မတ်တတ်နဲ့ပဲ မရဏ မင်းက မင်းနောက်ဆုတ်လာတယ် မင်းအလကားကောင်ပဲ ဆိုပြီး ဆွဲယူသွားတာပေါ့ဗျာ ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

အဲ့တော့ မင်း အသေရှောင်တယ်ဆိုပြီး သကာလ မင်း အဖမ်းခံလာပြန်ပြီဆိုပြီးတော့ မရဏမင်းက ခင်ဗျား တို့ မသတ်ပေဘူးလား. . . (သတ်မှာပါဘုရား)။

## နောက်ဆုတ်မယ်ဆိုရင် အသေစောလိမ့်မယ်

အဲ့တော့ နောက်များဆုတ်မယ်စိတ်မကူးနဲ့. . . (မကူးပါဘူးဘုရား) နောက်ဆုတ်မဲ့ စိတ်မကူးနဲ့ အသေစော လိမ့်မယ်. . . (တင်ပ့ါဘုရား) ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

ခင်ဗျားတို့ပဲ နဂိုတုံးက အမိခံနေတုံးကတော့ ကိစ္စ မရှိဘူး ခုတော့အလွတ်ပြေးပါ့မယ်ဆိုပြီးသကာလ ပြေးနေတဲ့ ဒကာဒကာမတွေကျတော့ မရဏမင်းကလွတ်အောင် င်ပြေး မပြေးရင်တော့ မင်းသည် ပြေးနေကျ ပုဂ္ဂိုလ်ဟာ ပါ့) တစ်ခါမိတယ်ဆိုလို့ရှိရင် လွတ်ပါ့မလား. . . ( ွတ်တော့ပါဘူးဘုရား)။

ဘာပြုလို့တုံးဗျ (ပြေးနေတဲ့ ပုဂ္ဂိုလ်ကိုမိလို့ မလွတ်ပါဘူးဘုရား) အဲ့မိလို့တဲ့ ခင်ဗျားတို့က ဒီအခြေအနေ ရောက်နေတယ် (တင်ပါ့) ရိပ်မိပလား. . . (တင်ပါ့ဘုရား)။

ခင်ဗျားတို့က သွားလည်း သွားလျက်ကိုဗျ နိဗ္ဗာန်ရှိတဲ့ နေရာဌာန ဟုတ်လား. . . (တင်ပါ့) အမြင်ငြိမ်း အနေအေးတဲ့ဆီ မသွားဘူးလား. . . (သွားပါတယ်ဘုရား)။

နောက် ဆုတ်ဆုတ်နေရင် ဘာဖြစ်မယ်ထင်တုံး (မရဏမင်းထံရောက်မှာပါဘုရား) မရဏမင်းက တစ်ခါတည်း ဒီ တစ်ခြားသော ပုဂ္ဂိုလ်တွေကတော့ လက်တွင်းရောက်နေတယ် အထူးကြိုးချည်စရာလိုသေးသလား. . . (မလိုတော့ပါဘူးဘုရား)။

ဒီပုဂ္ဂိုလ်ကတော့ လွတ်အောင်ပြေးမှဆိုပြီး ပြန်လှည့်လာတော့ အဲ့ သူပြေးတတ်တယ်ဆိုပြီးဘယ်နှယ့်လုပ်မတုံး. . . (မလွတ်တော့ပါဘူးဘုရား)။

အဲ့-အဲဒီထဲပါမှာလည်း စိုးရသေး. . . ရိပ်မိပလား (တပည့်တော်တော့ ရပ်လည်းမနေပါဘူးဘုရား. . . နောက်လည်းမဆုတ်ပါဘူးဘုရား) မဆိုးဘူး နေ့ရာကျ ပါတယ် ဒကာစိန်ရ. . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခုပြောတဲ့တရားသည်ပြေးတဲ့ လက်စနဲ့ရောက်အောင်သာလွတ်ရာကျွတ်ရာ ပြေးကြပေ တော့လို့ဆိုတာ စိတ်ချမ်းသာအောင်လို့ ပြောလိုက်တယ်. . . (မှန်ပါ့ဘုရား)၊ ဟုတ်လား. . . (တင်ပါ့)။

အဲ့တော့ ခင်ဗျားတို့ ကြည့်စမ်း ဘုန်းကြီးက ဒီဥစ္စာ ခင်ဗျားတို့ကချောက်တယ်လို့ထင်လိမ့်မယ်. . . (မဟုတ်ပါ ဘူးဘုရား)။

ခင်ဗျားတို့က ရှေ့ပြေးပါ ဒီတစ်ခါမိရင် မာရ်နတ်မင်း က လွတ်မှာမဟုတ်ဘူး. . (မှန်ပါ့ဘုရား) သေမင်းကလွတ် မယ်မဟုတ်ဘူးဆိုတာ သူ့လှည့်ကြည့်ပါလားဗျ၊

သူက မာရ်နတ်မင်းတပ်က ဆယ့်တစ်တပ်နဲ့ သူက တားထားတဲ့ထဲက ကျုပ်တို့က ထွက်ပြေးတာ. . . (မှန်ပါ့ ဘုရား)။

အဲ့တော့ ဒီပုဂ္ဂိုလ်ကို မိတဲ့တစ်နေ့ကျတော့ ဘယ့်နှယ် လုပ်ပြီး သူ့ကို အစောင့်အရှောက် မပိုရင် တော်ပါ့မလား. . (မတော်ပါဘူးဘုရား)။

သူ့လက်ထဲက လွတ်လာတာ ကျုပ်တို့က (တင်ပါ့ဘုရား)။

ကဲ ငါးပါးအာရုံ ကာမဂုဏ်နောက် ဒီနောက် မလိုက်တော့ပါဘူး. . . (မှန်ပါ့) ဟုတ်လား. . . (တင်ပါ့)၊ မွေ့လျော်တာလည်း မရှိတော့ပါဘူး ဒီကမ္မဋ္ဌာန်းနဲ့ပဲ မွေ့လျော်ပါတော့မယ်. . . (မှန်ပါ့)။

ဒီလို မာရ်နတ်မင်းတပ်တွေ အကုန်ကျော်ခုန်ပြီး ထွက်လာပြီးမှ နောက်ပြန်ဆုတ်တော့ မနာလား. . . (နာပါတယ်ဘုရား)။

နာတော့ မာရ်နတ်မင်းက ကြိမ်းထားတဲ့ ပုဂ္ဂိုလ်ထဲ အပါအဝင် ဖြစ်မှာပေါ့. . . (မှန်ပါ့ဘုရား) သေမင်းကလေ (မှန်ပါ့)။

အဲ့ဒီ ကြိမ်းထားတဲ့ ပုဂ္ဂိုလ်ထဲ အပါအဝင်ဖြစ်တာ သူများထက် တို့အသေနီးလိမ့်မယ်ဆိုတာကော မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

နဂိုက ဒီပုထုဇဉ် အကန်းတွေကတော့ သူက လိုချင်တဲ့အချိန်မှာ သူတို့ဘယ်မှ မပြေးတတ်ဘူးဆိုတာ သိတယ်. . (မှန်ပါ့ဘုရား)။

မပြေးတတ်ဘူးဆိုတာ သိတဲ့ပုဂ္ဂိုလ် သူတို့အတွက် ဂရုစိုက်သေးလား. . . (မစိုက်ပါဘူးဘုရား)။

ပြေးတဲ့ပုဂ္ဂိုလ် ပြန်ဆုတ်လာလို့ရှိရင်တော့ (တစ်ခါတည်းဖမ်းတော့မှာပါဘုရား) အဲ သူ မြန်မြန်သုတ်သင်မှပဲ၊ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

**နောက်ဆုတ်မယ်စိတ်မကူးနဲ့**

အဲဒါ နောက်များဆုတ်မယ့်စိတ်မကူးနဲ့. . . (မဆုတ်တော့ပါဘူးဘုရား) မလွယ်ဘူး ဒကာဒကာမတွေရ (မလွယ်ပါဘူးဘုရား)။

ဒကာဒကာမတွေ နောက်များဆုတ်ချင်သေးသလား (မဆုတ်ချင်တော့ပါဘူးဘုရား) ဆုတ်ရင် သူများနဲ့ တူသလား (မတူပါဘူးဘုရား)

အင်း အသေချည်ပြီးသကာလ အသေမရဏမင်းက သတ်လိမ့်မယ်ဖြတ်လိမ့်မယ်ဆိုတာ ဒကာဒကာမတွေ ငြင်းဖို့ လိုသေးလား. . . (မလိုပါဘူးဘုရား)။

ဒကာစိန် အရင် ပုဂ္ဂိုလ်မျိုးမဟုတ်ဘူး. . . (မဟုတ်တော့ပါဘူးဘုရား) ဟုတ်ပလား. . . (မှန်လှပါ) ပြေးမယ့် ပြေး လွတ်အောင်ပြေး. . . (မှန်ပါ့)။

ပြန်တော့မလာခဲ့နဲ့. . . (မှန်ပါ့ဘုရား) ပြန်လှည့်လာရင် နှစ်ထပ်တိုးနဲ့ကို ဒဏ်ပိမယ်. . . (မှန်ပါ့) မတိုးထိုက်ဘူးလား. . . (တိုးထိုက်ပါတယ်ဘုရား)။

အဲ့ဒါကြောင့် ဒကာဒကာမတို့သည် ဝိပဿနာ သမ္မာဒိဋ္ဌိရောက်ပြီးသား ပုဂ္ဂိုလ်က မဂ္ဂသမ္မာဒိဋ္ဌိကို ရောက် အောင်သွားလိုက်. . . (မှန်ပါ့ဘုရား)။

ဟုတ်လား. . . (မှန်လှပါဘုရား) အဲ့ဒီက ပြန်မလာ ခဲ့နဲ့ ဝိပဿနာသမ္မာဒိဋ္ဌိကနေပြန်ပြီးမလာခဲ့နဲ့. . . (တင်ပါ့)။

သားရေး၊ သမီးရေး၊ စီးပွားရေး ချောက်ထဲကို. . . (တင်ပါ့) ပြန်လာလို့ရှိရင်ဖြင့် သေမင်းက ဖမ်းတော့မယ်. . . (မှန်ပါ့ဘုရား)။

ရောက်ခါနီးမှ ပြန်လာတာကိုး. . . (တင်ပါ့) နဂိုတုံး က ရှာလာလို့ မတွေ့တဲ့ အခြေအနေမျိုး ရောက်နေတယ်. . (တင်ပါ့)။

ခုတော့ သူ မျက်စိလည် လမ်းမှားပြီး နောက်ဆုတ် လာပြန်တယ် (တင်ပါ့) ရိပ်မိပလား. . . (တင်ပါ့)။

အဲ့တော့ သာဝတ္ထိနဲ့ တူတဲ့ နိဗ္ဗာန်ကြီး ရောက်သေးရဲ့ သား (မရောက်တော့ပါဘူးဘုရား) အဲ့ဒီလို ပုဂ္ဂိုလ်လည်း ရှိသေးတယ်ကွ။ ဂနမောဂ္ဂလာဏ ပုဏ္ဏားရတဲ့ ဒီလို ပုဂ္ဂိုလ်တွေကလည်း ရှိသေးတယ်တဲ့. . . (တင်ပါ့ဘုရား)။

ဩော်. . . ဟုတ်သားပဲဗျာ လမ်းပြပေမဲ့လည်း. . . လမ်းကိုနောက်ဆုတ်သွားတဲ့လူနဲ့ ရှေ့တိုးသွားတဲ့လူနဲ့ဟာက အတော်ခြားနားပါလားလို့ သဘောကျပလား. . . (တင်ပါ့ ဘုရား)။

ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား) ဒါဖြင့် ဒကာ ဒကာမတွေက ခု ပထမ ဝိပဿနာ သမ္မာဒိဋ္ဌိကို ရောက်ပြီမို့ လား. . . (တင်ပါ့ဘုရား)။

မဂ္ဂသမ္မာဒိဋ္ဌိဆိုတော့ အမြင့်ငြိမ်း အနေအေး ရောက်အောင်ဟာ တစ်ဆင့်တက်လိုက်ရုံ ရှိတော့တာ (တင်ပါ့ဘုရား) သိပ်ဝေးသလား (မဝေးပါဘူးဘုရား)။

မဝေးဘာလုပ်. . . (ကြိုးစားပြီးတော့သာ တက်မှာ ပါဘုရား) နောက်မဆုတ်ခဲ့နဲ့. . . (မဆုတ်တော့ပါဘူး ဘုရား)။

ဆုတ်ရင် ဖမ်းတော့မှာပဲ ဒီတစ်ခါ. . . (တင်ပါ့ ဘုရား) အရင်လူတွေ မဟုတ်တော့ဘူး. . . (မှန်လှပါ ဘုရား) ပြေးနေကျဆိုတာ သိနေပြီ. . . (တင်ပါ့)။

## မဂ္ဂသမ္မာဒိဋ္ဌိရောက်အောင်သွားဖြစ်အောင် သွားကြပါ

ပြေးနေကျ ဒီတစ်ခါ ဝင်လာလို့ရှိရင်တော့ မြန်မြန် ချည်မှပဲဆိုပြီး သားတွေ၊ သမီးတွေ၊ ဆွေတွေ၊ မျိုးတွေက ဝိုင်းချည်လိုက်လိမ့်မယ် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အဲ့ဒါကြောင့် ဒကာဒကာမတို့ ဒီနေ့ပြောလိုက်တဲ့ တစ်နံပါတ်အချက်တွေမှာ အလွန်အရေးကြီးတယ်. . . (တင်ပါ့ဘုရား)။

ဝိပဿနာ သမ္မာဒိဋ္ဌိရောက်တဲ့ ပုဂ္ဂိုလ်ဟာ မဂ္ဂသမ္မာ ဒိဋ္ဌိရောက်အောင်ဖြင့် သွားဖြစ်အောင် သွားလိုက်ကြပါ. . . (ကောင်းပါတယ်ဘုရား)။

ရှင်းပလား. . . (ရှင်းပါပြီဘုရား)

**ကဲ ယနေ့ ဒီတွင် တော်ကြစို့. . .**

**သာဓု . . . သာဓု . . . သာဓု . . .။**